မြကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (28-1-2005) (၄၄၉၂)

စည်းစည်းလုံးလုံးနှင့် တာဝန်သိသိ ဆွေးနွေးတိုင်ပင်ညှိနှိုင်း

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားညီအစ်ကိုများ စည်းစည်းလုံးလုံးနှင့် တာဝန်သိသိ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြမည်။

အခမ်းအနား ကျင်းပ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ကရင်ပြည်နယ်ဘားအံမြို့နယ် အိန္ဒူစံပြကျေးရွာ အားကစားကွင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

အနာဂတ်မြန်မာနိုင်ငံတော် အစွန့်ရှည်ခိုင်မြဲပြီး ကမ္ဘာ့အလယ် ဝင့်ထည်ရန် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပသည်ကို လှိုက်လှိုက်လှဲလှဲကြိုဆို

ခိုင်မာသည့်ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ခဲ့သော သမိုင်းအမွေကို ဆက်ခံပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်ခိုင်မာမာတည်ဆောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်းဝန်းဆောင်ရွက်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူစံပြကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်သူများ ချီတက်လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် အိန္ဒူစံပြကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင်များ၊ ပြည်နယ်အတွင်းရှိ ခရိုင်များမှ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဘားအံခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အိန္ဒူစံပြကျေးရွာအုပ်စု၊ နောင်လုံအနောက်ကျေးရွာအုပ်စု၊ နောင်လုံအရှေ့ကျေးရွာအုပ်စု၊ ကော့သင်းရှုးကျေးရွာအုပ်စု၊ ကော့ကဒါကျေးရွာအုပ်စု၊ ကော့စိန်ဘန်အောက်ကျေးရွာအုပ်စု၊ ကော့စိန်ဘန်အထက် ကျေးရွာအုပ်စု၊ အိန္ဒဲကျေးရွာအုပ်စု၊ လွန်းညကျေးရွာအုပ်စုတို့မှ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၈-၁-၂၀၀၅
(သောကြာနေ့)

ရေအရင်းအမြစ်များ စနစ်တကျထိန်းသိမ်းသုံးစွဲ သီးနှံအလိုက် တစ်ဧကအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုး

နိုင်ငံတော်အစိုးရက စီးပွားရေး၏ ပင်မမဏ္ဍိုင်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ ရေခံ၊ မြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသောဒေသများတွင် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်ပေးနိုင်ရေး၊ ခေတ်မီစိုက်ပျိုးနိုင်ရေး နည်းပညာများဖြင့် ကူညီအားပေးလျက်ရှိသည်။

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရေမြေသဘာဝ အခြေအနေပေးမှုများနှင့်အညီ ဒေသနှင့်လိုက်ဖက်သော ဆည်မြောင်းတာတမံများ၊ မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်ရှိ ပဒဲရေလှောင်တမံကို ဇန်နဝါရီလ ၂၄ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ အောင်လံမြို့နယ် နတ်မောက် ကျေးရွာအနီး ပဒဲချောင်းပေါ်တွင် တည်ဆောက်ဖွင့်လှစ်လိုက်သည့် ပဒဲရေလှောင်တမံသည် နိုင်ငံတော်၏ ၁၇၀ မြောက် ရေလှောင်တမံဖြစ်သည်။

သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မကွေးတိုင်းသည် ပြည်တွင်းစားသုံးဆီအတွက် အားထားရသည့်အပြင် စက်မှု ကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါနှင့်ကြံသီးနှံများ တိုးတက်စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည့် ဒေသလည်းဖြစ်သည်။ ထို့အပြင် ဒေသဆန်ဖူလုံရေးအတွက် ဖြစ်ထွန်းလာလျက်ရှိသည့် ဆည်မြောင်းတာတမံ မြစ်ရေတင်စီမံကိန်းများ၏ စွမ်းအားကိုရယူ အားထုတ်လုပ်ကိုင်နိုင်မည့် အခြေအနေကောင်းများလည်း ရှိပေသည်။

ယခုအခါ နိုင်ငံတော်က မကွေးတိုင်းအတွင်း စိုက်ပျိုးရေရရှိပြီး သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားလာရေးအတွက် ဆည်တမံပေါင်းများစွာကို တည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်လိုက်သည့် ပဒဲရေလှောင်တမံအပါအဝင် ရေလှောင်တမံပေါင်း ၃၄ ခုရှိပြီဖြစ်သည်။ အဆိုပါ ဆည်တမံများ၏ အကျိုးပြုမှုဖြင့် စပါးအပါအဝင် အခြားသီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်လျက်ရှိသည်။

သရက်ခရိုင် အောင်လံမြို့နယ်၌ မူလက မိုးစပါး၊ မိုးနှမ်း၊ မြေပဲနှင့် ပဲတီစိမ်းတို့ကို ဧက ၆၂၅၀ ခန့် မူရင်းသီးနှံအနေဖြင့် စိုက်ပျိုးခဲ့ကြသည်။ သီးထပ်အဖြစ် မြေပဲ၊ ကုလားပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို စိုက်ပျိုးလျက်ရှိရာ သီးနှံစိုက်ဧရိယာ ကိုးထောင်ကျော်သာရှိခဲ့သည်။

ယခုအခါ ပဒဲရေလှောင်တမံ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ မူရင်းသီးနှံ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်း ဧက ၆၄၀၀ အပြင် သီးထပ်သီးနှံအဖြစ် နွေစပါး၊ ကုလားပဲတို့ကို ဧက ၆၄၀၀ တိုးချဲ့၍ စိုက်ပျိုးလာနိုင်သဖြင့် သီးနှံစိုက်ဧကစုစုပေါင်း ၁၂၈၀၀ အထိ ရှိလာကြောင်း သိရသည်။

ပဒဲရေလှောင်တမံသည် တမံအလျားပေ ၂၄၀၀၊ တမံအမြင့် ၁၁၈ပေ ရှိပြီး ရေဧကပေ ၃၂၉၀၀ သိုလှောင်ထားနိုင်သည့် မြေသားတမံအမျိုးအစား ရေလှောင်တမံဖြစ်သည်။

ဒေသအတွင်းရှိ ကျေးရွာအုပ်စု ၉၈ ခုမှ တောင်သူလယ်သမားများ အနေဖြင့် တစ်နှစ်တစ်သီး စိုက်ပျိုးနေရာမှ တစ်နှစ် နှစ်သီး၊ သုံးသီးအထိ တိုးချဲ့စိုက်ပျိုးနိုင်ကြမည့်အပြင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားရေးများပါ တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူလယ်သမားများ အနေဖြင့် နိုင်ငံတော်က ငွေကြေးများစွာ ရင်းနှီး၍ ဆည်တမံများ တည်ဆောက် ဖြည့်ဆည်းပေးမှုများနှင့်အညီ ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲပြီး စိုက်ဧကတိုးချဲ့ရေး၊ သီးနှံအလိုက် တစ်ဧက အထွက်နှုန်းတိုးရေးနှင့် တစ်သီးမှ နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်း အားထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များ လက်မှတ်ရေးထိုး ချုပ်ဆို

ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက CNOOC Myanmar Limited**၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ** Mr. Zhou Shouwei **အား ပေးအပ်စဉ်။** (စွမ်းအင်)

ရန်ကုန် ဇန်နဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNOOC Myanmar Limited **တို့သည် ကုန်းပိုင်းဒေသ လုပ်ကွက်အမှတ်** C-1 **(အင်းတော်-ရေနန်းဒေသ)၊** C-2 **(ရွှေဘို-မုံရွာဒေသ)နှင့် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် အမှတ်** M-2**တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်** (Production Sharing Contract)**များကို ဇန်နဝါရီ ၂၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။**

အဆိုပါ လက်မှတ်ရေးထိုးချုပ်ဆိုပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယ ဥက္ကဋ္ဌနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး Mr.Li Jinjun နှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr.T. Jasudasen၊ CNOOC Myanmar Limited ၏ အမှုဆောင် ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr.Zhou Shouwei၊ China Huanqiu Contracting & Engineering Corp၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် Mr. Wang Shihong၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးချုပ်ဆိုပွဲ၌ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး CNOOC Myanmar Limited ၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei၊ China Huanqiu Contracting & Engineering Corp၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Wang Shihong နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ ဆက်လက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် CNOOC Myanmar Limited ၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei တို့က စာချုပ်များကို လက်မှတ် ရေးထိုးချုပ်ဆိုကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကြော်ငြာစာကို ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ဝန်ကြီး ဦးသောင်းက လည်းကောင်း CNOOC Myanmar Limited၏ အမှုဆောင်ဒါရိုက်တာနှင့် ဥက္ကဋ္ဌ Mr. Zhou Shouwei အားပေးအပ်ကြပြီးလက်မှတ်ရေးထိုးချုပ်ဆိုပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အေးချမ်းတည်ငြိမ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ အရှိန်အဟုန်ဖြင့်တည်ဆောက်ခဲ့

❀ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နံနက် ဖြနာရီခွဲတွင် စုရပ်အသီးသီးမှ စစ်ကြောင်းများဖြင့် စုရုံးချီတက် ကြပြီး အခမ်းအနားကျင်းပသည့် အိန္ဒုစံပြကျေးရွာ အားကစားကွင်း အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဘားအံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်နန်းအေးမေ၊ ဘားအံခရိုင် အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်နော်အိန်ဂျလာဖေ၊ ဘားအံခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင် ဦးစောထွန်းလှမြိုင်၊ အိန္ဒုစံပြကျေးရွာ ရပ်မိရပ်ဖ ဦးထွန်းစိန်တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးအဖြစ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်လှိုင်၊ တွဲဖက်အခမ်းအနားမှူး အဖြစ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ပပဝင်းတို့က ဆောင်ရွက်ကြသည်။

သဘာပတိ အဖွဲ့ဝင်များ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်း အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက စင်မြင့်ထက်၌ လွှင့်ထူထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ယင်းနောက် သဘာပတိ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား လူမျိုးစု ၁၀၀ ကျော် စုပေါင်း နေထိုင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ တိုင်းရင်းသား ညီနောင်သွေးချင်းများသည် ရှေးနှစ်ပေါင်းများစွာကတည်းက အချင်းချင်းရိုင်းပင်း ကူညီမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု အပြည့်ဖြင့် တစည်း တလုံးတည်းနေထိုင်ခဲ့ကြပြီး အမိမြေကို ထိပါးလာသမျှ အန္တရာယ်ရန်စွယ်တွေကို သက်စွန့်ကြိုးပမ်းကာကွယ်ထိန်းသိမ်းခဲ့ကြကြောင်း၊ သူ့ကျွန်ဘဝ နှစ်ပေါင်း ၁၀၀ ကျော် နေထိုင်ခဲ့ရစဉ်က ကိုလိုနီနယ်ချဲ့တို့သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပြိုကွဲစေရန် နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ရိုက်ချိုးဖျက်ဆီးခဲ့သော်လည်း သွေးချင်းညီအစ်ကိုများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် တွန်းလှန်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံကြီးတွင် စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ပြည်ထောင်စုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ခြင်းသည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကို ပြဆိုနေသည်ကို အထင်အရှား တွေ့မြင်ရမည်ဖြစ်ကြောင်း။

ယနေ့ အချိန်အခါသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေချိန်ဖြစ်၍ နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး အမျိုးသားညီလာခံကြီးတွင် တိုင်းရင်းသားညီအစ်ကိုများ စည်းစည်း လုံးလုံးနှင့် တာဝန်သိသိ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြမည်ဖြစ်ကြောင်း၊ အနာဂတ် မြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ ခိုင်မြဲပြီး တိုင်းရင်းသားညီနောင်သွေးချင်းများ စည်းစည်းလုံးလုံးနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည်နေနိုင်ရန် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပသည်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း။

အရှိန်အဟုန်ဖြင့်ဆောင်ရွက်

မိမိတို့မြန်မာနိုင်ငံတွင် လူဦးရေသန်း ၅၀ကျော်ရှိရာ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်လျက်ရှိကြကြောင်း၊ နိုင်ငံတော်အစိုးရသည် မြို့နှင့် ကျေးလက်နေ ပြည်သူများ လူနေမှုဘဝကွာဟချက် ကျဉ်းနိုင်သမျှကျဉ်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့၍ ဖြစ်ထွန်းလာသည့် အသီးအပွင့်များကို မိမိတို့ တိုင်းရင်းသား ညီအစ်ကိုများ စတင်ခံစားနေရပြီဖြစ်ကြောင်း၊ ဤသည်မှာ ပြည်ထောင်စုတစ်ခုလုံး ဟန်ချက်ညီညီ တစ်ဆက်တစ်စပ်တည်းဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ရရှိသည့် အကျိုးရလဒ်ပင်ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားညီအစ်ကိုများက ဘိုးဘွားများ စည်းစည်းလုံးလုံး နေထိုင်ခဲ့ပြီး ခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ခဲ့သော သမိုင်းအမွေကို ဆက်ခံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်ခိုင်မာမာ တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ တစ်ဆက်တည်းအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေး တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်းဝန်းဆောင်ရွက်ရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ် အောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်း ပြောကြားလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုနေ့ကြိုဆို

ထို့နောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း ထောက်ခံချက် နှင့်စပ်လျဉ်း၍ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောစိုးနိုင်လင်းက တင်ပြရာတွင် နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ဖြင့် ဂုဏ်ပြုကျင်းပခဲ့ကြကြောင်း၊ အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုလည်း အမျိုးသားရေး ဦးတည်ချက်(၅)ရပ် ချမှတ်ပြီး ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးက စောင့်ထိန်းကာကွယ် ရေးသည် အဓိကကျသည့် ဦးတည်ချက်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရန်၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် ရေးကို နှောင့်ယှက်ဖျက်ဆီးမည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ကာကွယ်တားဆီးရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ကြရန်ဆိုသော လုပ်ငန်းများသည် ပြည်ထောင်စုဖွားတိုင်းရင်း သားအားလုံး၏ မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်း အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုစံပြ ကျေးရွာ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်လှိုင်နှင့် တွဲဖက်အခမ်း အနားမှူးအဖြစ် ခရိုင်အသင်း အလုပ်အမှုဆောင် ဒေါ်ပပဝင်းတို့ ဆောင်ရွက် ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဦးဉာဏ်လင်း	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာ ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဦးသိန်းဝင်း	ကျောင်းအုပ်ကြီး ပဲခူးဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်မောင်ထွန်းအား တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအပါအဝင် တိုင်းရင်းသား လူမျိုးများဖြင့် စုစည်းတည်ထောင်ထားသည့် နိုင်ငံတော်ဖြစ်သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ ဖော်ထုတ် ပြသခဲ့ကြသည့် ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို အစွဲပြုပြီး ပြည်ထောင်စုနေ့ဟု သတ်မှတ်ကာ အထိမ်းအမှတ် အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၅၈)နှစ် မြောက်တော့မည်ဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

တိုင်းရင်းသားလူမျိုးများ ချစ်ချစ်ကြည်ကြည် စည်းစည်းလုံးလုံးဖြင့် အမိနိုင်ငံကို အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံအဖြစ် ကြိုးပမ်း တည်ဆောက်နေသည့် ယခုကဲ့သို့ အချိန်အခါတွင် ပြည်ထောင်စုစိတ်ဓာတ် အခြေခံပြီး ကျင့်သုံးဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ အတိတ်က မြန်မာ့သမိုင်းက ခါးသီးသည့် အတွေ့အကြုံများ ရခဲ့သကဲ့သို့ ယနေ့ကာလတွင် နိုင်ငံတကာဖြစ်ရပ်များ၌ ဆင်ခြင်သတိပြုစရာ၊ သင်ခန်းစာယူစရာ အများကြီး ရှိကြောင်း။

ယနေ့နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝသည့် မျိုးချစ် အင်အားစုကြီးရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ



အမှာစကားပြောကြား

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း နှင့် အမျိုးသားညီလာခံကို ကြိုဆို ထောက်ခံခြင်း အခမ်းအနားကို ကရင် ပြည်နယ် ဘားအံမြို့နယ် အိန္ဒုစံပြ ကျေးရွာ၌ ကျင်းပရာ သဘာပတိ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တွင် စည်းလုံးညီညွတ်မှုသည် အဓိကအကျဆုံးဖြစ်သည်ကိုမှတ်ယူပြီး နိုင်ငံတော်ကို ဘက်စုံကဏ္ဍစုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံး မြင်တွေ့သည့်အတိုင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ထွန်းပေါ်ပေါက်နေပြီး ဖြစ်သည့် အခြေခံကောင်းများကို အခြေပြုပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီးဖြစ်ကြောင်း၊ အေးချမ်း တည်ငြိမ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ အရှိန်အဟုန်ဖြင့် နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ခဲ့ရာ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီးဖြစ်ကြောင်း၊ ဆည်မြောင်း၊ တာတမံများ၊ မြစ်ကူးတံတားကြီးများ၊ ကျောင်းသစ်ကြီးများ၊ တက္ကသိုလ်ကြီးများ၊ ဆေးရုံကြီးများ၊ ကားလမ်း၊ မီးရထားလမ်းများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နေရပြီးဖြစ်ကြောင်း။

ပေါင်းစည်းလက်တွဲကာကွယ်

နိုင်ငံတော်၏အတိတ်သမိုင်းနှင့် လက်ရှိ နိုင်ငံတကာသင်ခန်းစာများကို ပြန်ပြောင်းသုံးသပ်ပြီး မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်ကို လှမ်းမျှော်လိုက် လျှင် ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် မြဲမြဲခိုင်မာရန် ပဓာနကျသည်မှာ ထင်ရှား ကြောင်း၊ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြည်တွင်း၊ ပြည်ပ သွေးခွဲသပ်လျှိုမှုများ၊ ဖွက်ဖက်နှောင့်ယှက်မှုများနှင့် အန္တရာယ်ကို တိုင်းရင်းသား အားလုံးက မြဲမြဲမြံမြံပေါင်းစည်း လက်တွဲပြီး ကာကွယ်သွားရန်လည်း လိုအပ်နေ ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော် အစိုးရ၏ မှန်ကန်သည့်ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်မှု၊ ရိုးသားဖြူစင်မှု၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

အီရတ် စကားပြန်အမျိုးသမီးအား သတ်မှုဖြင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦး ထောင်ဒဏ်ချမှတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၆

အီရတ် အမျိုးသမီးအရပ်သားစကားပြန်တစ်ဦးအား အီရတ်နိုင်ငံတွင် နိုဝင်ဘာလက သတ်ဖြတ်ခဲ့မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို ထောင်ဒဏ်ချမှတ်လိုက်ပြီး ရာထူးအဆင့်ချလိုက်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ယင်းဖြစ်မှုသည် နိုဝင်ဘာ ၂၄ ရက်က ဖြစ်ပွားခဲ့ကြောင်း၊ အယ်လ်ဟူးဆာက စကားပြန်တစ်ဦး၏ ဦးခေါင်းအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းသည် တင်ကူးကြံရွယ်မှုမရှိသော လူသေမှုဖြင့် အပြစ်ရှိကြောင်း စစ်ဘက်က စနေနေ့နှောင်းပိုင်းက ပြောကြားခဲ့သည်။

ထွက်ဆို

အရပ်သား စကားပြန်သေဆုံးမှုတွင် ၎င်း ပါဝင်ပတ်သက်မှုမရှိကြောင်း ဟူးဆာက ယင်းနေ့ နှောင်းပိုင်းအချိန်က ငြင်းဆန်ခဲ့ပြီး မမှန်မကန် ပြောဆိုခြင်းသာဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အခြားတပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည့် အမှတ်(၁) ယန္တရားတပ်မမှ တပ်ဖွဲ့ဝင် ဒါဂျာနီကိုလည်း ယင်းဖြစ်ရပ်တွင် ပါဝင်မှုဖြင့် ထောင်ဒဏ် ၁၈ လအပြစ်ပေးခဲ့သည်ဟု စစ်ဘက်က ပြောကြားသည်။

ပါဝင်မှုမရှိ

ဒါဂျာနီက စကားပြန်အား ပစ်ခတ်ခဲ့သည့် သေနတ်ကိုပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် လိမ်ညာရန် ရည်ရွယ်ချက်ဖြင့် စကားပြန် ပစ်သတ်မှုတွင် ပါဝင်မှုမရှိဟု ငြင်းဆန် ပြောကြားခဲ့ကြောင်း စစ်ဘက် ကြေညာချက်က ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်အများအပြား အီရတ်နိုင်ငံသားများအား သတ်ဖြတ်မှုဖြင့် စစ်ခုံရုံးတွင် စစ်ဆေးခံရန် စောင့်ဆိုင်းနေကြရပြီး အများအပြားကိုလည်း ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက အဘူဂါရစ်ထောင်မှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု အရှုပ်တော်ပုံကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားပြီး ကမ္ဘာ့ပြည်သူတစ်ရပ်လုံး မခံမရပ်နိုင်ဖြစ်ခဲ့ကြရသည်။

အမ်အင်အေ၊ ရိုက်တာ။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အလယ်ပိုင်းတွင် ဗုံးကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရဟတ်ယာဉ် ပျက်ကျ မရိန်းတပ်ဖွဲ့ဝင် ၃၁ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အမေရိကန် ရဟတ်ယာဉ်တစ်စီး အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့က ပျက်ကျသွားရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၃၁ဦး သေဆုံးသွားကြောင်း စီအင်န်အင်န်သတင်းဌာနက စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ကိုးကား၍ ဖော်ပြလိုက်သည်။

ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက လူ**သေဆုံးမှုရှိကြောင်းအတည်ပြုပြောကြား**သည်။ သို့ရာတွင် သေဆုံးသူအရေအတွက်ကို အတိအကျထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

အမေရိကန် မရိန်းတပ်ဖွဲ့မှ ပို့ဆောင်ရေးရဟတ်ယာဉ်တစ်စင်း ဗုဒ္ဓဟူးနေ့ စောစောပိုင်းက ပျက်ကျခဲ့ပြီး ရှာဖွေရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်းပြောကြားသည်။ နောက်ပိုင်းတွင် သေဆုံးသူစာရင်း ထုတ်ဖော်ပြောကြားမည်ဟု ဆိုသည်။

ယင်းရဟတ်ယာဉ်သည် ဂျော်ဒန်နိုင်ငံနယ်စပ်အနီး သဲကန္တာရတွင် ပျက်ကျခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

နှင်းမုန်တိုင်းကျရောက်မှုကြောင့် ဗြိတိသျှ လေကြောင်းခရီးစဉ်များ ဖျက်သိမ်း

လန်ဒန် ဇန်နဝါရီ ၂၅

အမေရိကန် အရှေ့မြောက်ဘက် မြို့ကြီးများနှင့် ဗြိတိန်နိုင်ငံအကြား ပျံသန်းသည့် လေယာဉ်ခရီးစဉ် ၃၁ ခု အထိကို နှင်းမုန်တိုင်း ကျရောက်မှုကြောင့် ဖျက်သိမ်းလိုက်ရကြောင်း ဘီဘီစီသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ဆီးနှင်းများ

လန်ဒန်မြို့၏ အဓိကလေဆိပ်ဖြစ်သော ဟီးသရိုးလေဆိပ်တွင် လန်ဒန်မြို့နှင့် အမေရိကန်နိုင်ငံ၏ မြို့ကြီးများဖြစ်သော နယူးယောက်၊ ဘော့စတွန်၊ ဖီလာဒဲဖီးယားအကြား ပျံသန်းသော လေကြောင်းခရီးစဉ် ၂၉ ခုစလုံးကို ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် ဖျက်သိမ်းလိုက်ရကြောင်း သတင်းဌာနက ဖော်ပြသည်။

ထုတ်ပြန်ကြေညာ

နယူးယောက်မြို့မှ ပျံသန်းလာမည့် လေကြောင်းခရီးစဉ် ၄၆ ခုကို ဖျက်သိမ်းလိုက်ရကြောင်း၊ အလားတူ ဖီလာဒဲဖီးယားမြို့မှ ပျံသန်းလာမည့် အမေရိကန် လေကြောင်းလိုင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်း၏ ခရီးစဉ်ကိုလည်း ဖျက်သိမ်းလိုက်ရကြောင်း အင်္ဂလန် အနောက်မြောက်ဘက်ရှိ မန်ချက်စတာလေဆိပ်က ထုတ်ပြန်ကြေညာသည်။

နှောင့်နှေးကြန့်ကြာ

အခြား လေကြောင်းခရီးစဉ်များမှာမူ ပုံမှန် ပျံသန်းနိုင်သော်လည်း ခရီးစဉ်အချို့ နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း မန်ချက်စတာလေဆိပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လေဆိပ်များကို နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ဖွယ်ရှိသဖြင့် ဗြိတိသျှလေကြောင်းဌာနက ခရီးသည်များအား မှတ်ပုံတင်သည့်လုပ်ငန်းကို လုပ်ကိုင်နေဆဲဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖျက်သိမ်း

အမေရိကန် အရှေ့မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်း ဒေသများတွင် နှင်းမုန်တိုင်း ကျရောက်မှုကြောင့် ဖျက်သိမ်းလိုက်ရသော လေကြောင်းခရီးစဉ် ၁၀၀၀ ကျော်တွင် ဗြိတိသျှလေကြောင်းဌာန၏ ခရီးစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြောက်ပိုင်းတွင် စိန်ပြောင်းဖြင့်အပစ်ခံရ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

ပြောက်ကျားများက တည်ငြိမ်မှုမရှိသည့် ဆမ်မာရာမြို့အနီးရှိ အမေရိကန်တပ်ဖွဲ့၏ လှည့်ကင်း အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် အပြင်းအထန်ပစ်ခတ်တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် အမေရိကန်စစ်ဘက်က ကြေညာချက်တွင် ဖော်ပြထားသည်။

ကြေညာချက်

၎င်းတပ်ဖွဲ့ဝင်များသည် အမှတ်(၁) ခြေလျင်တပ်မဖြစ်ပြီး အီရတ် ဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များက ဆမ်မာရာမြို့အနီးရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်း အခြေစိုက်စခန်းအတွင်းသို့ စိန်ပြောင်းများဖြင့် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ပစ်ခတ်ခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

ဆိုးရွား

ထိခိုက်ဒဏ်ရာရသူများကို အမျိုးသားတပ်ဖွဲ့ဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ အဆိုပါ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး အခြေအနေ တည်ငြိမ်ကောင်းမွန်ကြောင်း၊ သို့ရာတွင် တတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦး၏ အခြေအနေမှာ ဆိုးရွားသောကြောင့် ဂျာမနီနိုင်ငံရှိ ဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘောလတစ်ပင်လယ်မှ ငါးအချို့ အဆိပ်သင့်၍ စားသုံးရန်မသင့်ဟုဆို

အော့စလို ဇန်နဝါရီ ၂၅

ဘောလတစ်ပင်လယ်မှ အချို့သော ငါးများသည် အဆိပ်သင့်ခံနေ၍ စားသုံးရန်မသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စက်မှုစွန့်ပစ္စည်း အဆိပ်များက ဖျံများ၊ လင်းယုန်များနှင့် တောရိုင်းတိရစ္ဆာန်များအား အန္တရာယ်ပြုနေသောကြောင့်ဖြစ်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဘောလတစ်ပင်လယ်၏ အချို့ဒေသမှ ငါးများသည် သန့်ရှင်းမှုမရှိကြဘဲ အဆိပ်သင့်နေသောကြောင့် ဥရောပသမဂ္ဂဈေးကွက်တွင် တင်ပို့ရန်မသင့်ကြောင်း ဒဗလျူဒဗလျူအက်ဖ်၏ ရေတိမ်ပြီး ညစ်ညမ်းနေသည့် ဥရောပမြောက်ပိုင်းပင်လယ်နှင့် သက်ဆိုင်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

—— စားသုံး ——

ခန့်မှန်းခြေအားဖြင့် အဆိပ်သင့်စေသည့် ဓာတ်ဖြစ်သည့် ပိုလီကလိုရင်နိတ်တက်ဘိုင်ဖီနိုင်း (ပီစီဘီ) ၃၁ ကီလိုခန့်သည် ဘောလတစ်ပင်လယ်တွင်းသို့ နှစ်စဉ် ရောက်ရှိသွားကြောင်း သိရသည်။ ထိုဖြစ်ရပ်ကြောင့် ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ် စောစောပိုင်းကာလမတိုင်မီအထိ ဖမ်းဆီးခဲ့သော ငါးများတွင် ပီစီဘီဓာတ်များ စုပြုံပါရှိနေပြီး ယင်းတို့အားလုံးနီးပါးကို ပြည်သူလူထုက စားသုံးခဲ့ကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

—— အခက်အခဲ ——

ဘောလတစ်ပင်လယ်မှ ငါးသလောက်နှင့် ဆာလ်မွန်ငါးများတွင် ပီစီဘီနှင့် ဒိုင်အိုဇင်ဓာတ်များ အပါအဝင် အညစ်အကြေးပမာဏ များပြားမှုကြောင့် ကလေးမီးဖွားနိုင်သည့် အရွယ်ရောက် အမျိုးသမီးများ အကန့်အသတ်ဖြင့်သာ စားသုံးမှုပြုသင့်ကြောင်း ဆွီဒင်အစိုးရက ၁၉၉၅ ခုနှစ်က အကြံပေးထားသည်။ အဆိုပါ ဓာတ်များကြောင့် မွေးဖွားရာတွင် အခက်အခဲ သို့မဟုတ် ကင်ဆာရောဂါ ဖြစ်စေနိုင်သည်ဟု ဆိုသည်။

ဘောလတစ်ပင်လယ်သည် အညစ်အကြေးများ အဝင်များသည့် နေရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းပင်လယ်သည် အတွင်းပိုင်းကျသည့် ပင်လယ်တစ်ခုဖြစ်ကာ ဆွီဒင်နှင့် ဒိန်းမတ် နှစ်နိုင်ငံကြားရှိပြီး ကျဉ်းမြောင်းသည့် ထွက်ပေါက်ဖြင့် အတ္တလန္တိတ်သမုဒ္ဒရာတွင်း စီးဆင်းနေခြင်းကြောင့်ဖြစ်သည်။ ဘောလတစ်ပင်လယ်အတွင်း စီးဆင်းသည့် မြစ်များမှာလည်း ညစ်ညမ်းမှုရှိနေသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူး သေဆုံး

ကူဝိတ် ဇန်နဝါရီ ၂၄

အမေရိကန်စစ်ဘက် ရဟတ်ယာဉ်မောင်းတစ်ဦးသည် ကူဝိတ်နိုင်ငံတွင် လေ့ကျင့်မှုပြုလုပ်စဉ် မတော်တဆဖြစ်ပွား၍ သေဆုံးခဲ့ပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ပျက်ကျ

အဆိုပါ ရဟတ်ယာဉ်သည် ကူဝိတ်နိုင်ငံတောင်ပိုင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းမှ စတင်ထွက်ခွာပြီးနောက် မြို့တော်၏ အနောက်မြောက်ဘက် ဒေသတွင် သောကြာနေ့က ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်သည် အပါချီအမျိုးအစား ရဟတ်ယာဉ်ဖြစ်ပြီး ရဟတ်ယာဉ်မှူးတစ်ဦး လေ့ကျင့်ပျံသန်းရာတွင် သေဆုံးခဲ့ပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့၏ အမည်များအား ဆွေမျိုးများထံ အကြောင်းမကြားသေးမီ ထုတ်ပြန်ခြင်းမရှိသေးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

လက်ခံထား

ကူဝိတ်နိုင်ငံက ပျမ်းမျှအားဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ခန့်ကို လက်ခံထားရှိခဲ့သည်။ ယင်းနိုင်ငံသည် အီရတ်နိုင်ငံသို့ သွားရောက်မည့် အရပ်သား၊ အမေရိကန်နှင့် ပြည်ပတပ်ဖွဲ့ဝင်များအတွက် အဓိက ကြားစခန်းတစ်ခုဖြစ်နေသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦးအား ရာမောက်ဆေးရုံသို့ သယ်ဆောင်လာသည်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံမှ ပီစီ ကွန်ပျူတာ အများဆုံး ထုတ်လုပ်သော လီနိုဗိုကုမ္ပဏီ၏ ကွန်ပျူတာများကို ပေကျင်းမြို့၌ ဈေးကွက်တင် ရောင်းချနေသည်ကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသွားများကို ပြန်လည်ဆွဲဆောင်ရန် အရှေ့တောင်အာရှနိုင်ငံများ ကြိုးပမ်းမည်

လန်ကာဝီ(မလေးရှား) ဇန်နဝါရီ ၂၆

အာရှနိုင်ငံများတွင် မကြာသေးမီက ဆူနာမီလှိုင်းဆိုင်ရာ သဘာဝကပ်ဘေးဆိုက်ရောက်မှု ဖြစ်ပွားခဲ့ ခြင်းကြောင့် အရှေ့တောင်အာရှဒေသရှိ ကမ်းရိုးတန်းအပန်းဖြေစခန်းများသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု ထိခိုက်ခဲ့ရသော်လည်း အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် ကမ္ဘာလှည့် ခရီးသည်များကို ပြန်လည်ဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများနှင့် အပန်းဖြေကျွန်းများသည် ကမ္ဘာလှည့်ခရီးသည်များအတွက် ဘေးကင်းလုံခြုံမှုရှိသည်ဆိုသောအချက်နှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသည်များ လက်ခံလာစေရန် အစီအစဉ်များ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ကိုယ်စားလှယ်များက ပြောကြားကြသည်။

ဆွေးနွေး

ဆူနာမီ သဘာဝကပ်ဘေးကြောင့် ခရီးသွားလုပ်ငန်းတွင် ဆုတ်ယုတ်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ဒေသဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ရှင်သန်တိုးတက်လာစေမည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးများသည် မလေးရှားနိုင်ငံရှိ အပန်းဖြေစခန်း တည်ရှိရာ လန်ကာဝီကျွန်းတွင် တနင်္လာနေ့က တွေ့ဆုံခဲ့ကြသည်။

တွေ့ကြုံခံစား

ဒီဇင်ဘာ ၂၆ ရက်က အာရှနှင့် အာဖရိကတိုက်တို့ရှိ ပင်လယ်ကမ်းရိုးတန်းဒေသများကို ဆူနာမီလှိုင်း ရိုက်ခတ်မှုကြောင့် ကမ္ဘာလှည့်ခရီးသည် အများအပြားအပါအဝင် လူပေါင်း ၁၆၂၀၀၀ မှ ၂၂၈၀၀၀ အထိ သေဆုံးခဲ့ရသည်။ ဆူနာမီဘေးဒုက္ခကို နိုင်ငံပေါင်း ၁၁ နိုင်ငံ တွေ့ကြုံခံစားခဲ့ရသည်။

လုပ်ဆောင်သွား

ယခုလောလောဆယ်အချိန်တွင် ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်တွင် ဝမ်းနည်းမှုနှင့် စိုးရိမ်ထိတ်လန့်မှုတို့ ပြွမ်းတီးနေမည်သာ ဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံများရှိ ပင်လယ်ကမ်းရိုးတန်း အပန်းဖြေစခန်းများ ဘေးအန္တရာယ် လုံခြုံမှုရှိရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပုံကို နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ သိရှိနိုင်ရန် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဆူနာမီကြိုတင်သတိပေးရေးစနစ်ကဲ့သို့သော အစီအမံမျိုးကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း မလေးရှား ခရီးသွားလုပ်ငန်းဝန်ကြီး လီယိုမိုက်ကယ်တိုယက်က နှစ်ရက်ကြာ ကျင်းပသည့် အစည်းအဝေး ဖွင့်လှစ်ရာတွင် ပြောကြားသည်။

ဖြန့်ချိပေး

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းတွင် အရေးပါသောဒေသအဖြစ်အရှေ့တောင်အာရှဒေသကို ဆက်လက်ရပ်တည်နိုင်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံများရှိ ကမ္ဘာလှည့်ခရီးသွား အပန်းဖြေစခန်းများသို့ ကမ္ဘာ့နိုင်ငံများမှ ခရီးသွားဆောင်းပါးရေးသားသော စာရေးဆရာများကို ဖိတ်ခေါ်ကာ ပြသခြင်းဖြင့်လည်းကောင်း၊ မိမိတို့၏ အပန်းဖြေစခန်းများနှင့် ပတ်သက်သော ဗီဒီယိုမှတ်တမ်းငယ်များကို ကမ္ဘာတစ်လွှားသို့ ဖြန့်ချိပေးခြင်းဖြင့် လည်းကောင်း ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာစေရန် နည်းလမ်းများ ရှာကြံသွားမည်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊အေပီ။***

ရုပ်ရှင်ပွဲတော်တွင် ဟောင်ကောင် ဆုရရှိ

ဟောင်ကောင် ဇန်နဝါရီ ၂၆

အမေရိကန်နိုင်ငံတွင် ကျင်းပသော ၂၀၀၄ ကိုလံဘတ်ရုပ်ရှင်နှင့် ဗီဒီယိုပွဲတော်တွင် ဟောင်ကောင်မှ ဆုရရှိသွားကြောင်း အစိုးရဝက်ဘ်ဆိုက်တစ်ခုက ဇန်နဝါရီ ၂၅ ရက်တွင် ဖော်ပြထားသည်။

ဟောင်ကောင်သတင်းရုပ်ရှင်ဌာနက ယမန်နှစ်ကစတင်၍ "ဟောင်ကောင်-အာရှဝေါ်လ်စီးတီး" ဗီဒီယိုအမည်ဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည်ဟောင်ကောင်ရုပ်ရှင်လုပ်ငန်းကို အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် မြင့်မားလာအောင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ရုပ်ရှင်စက်မှုကဏ္ဍတွင် ခရစ်ဆုကိုဟောင်ကောင်က ရရှိခဲ့သည်။ ခရစ်ဆုသည် ရုပ်ရှင် သို့မဟုတ် ဗီဒီယိုထုတ်လုပ်ရေးတွင် အရည်အချင်းသတ်မှတ်မှု၌ ရမှတ်မြင့်မားမှသာ ထိုဆုကို ပေးအပ်သည်။ ထိုသတ်မှတ်ချက်နှင့် ပြည့်စုံသော ဟောင်ကောင်က ခရစ်ဆုကို ရရှိခဲ့သည်။ ရုပ်ရှင်ပွဲတော်တွင် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ ရုပ်ရှင်ဗီဒီယို ၁၄ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာပေါ်တွင် အမြန်ဆုံး အလုပ်လုပ်နိုင်သည့် ကွန်ပျူတာချစ်(ပ်)ပြားများ ဆမ်ဆောင်းကုမ္ပဏီ ယခုနှစ်တွင် ထုတ်လုပ်မည်

ဆိုးလ် ဇန်နဝါရီ ၂၆

မာလ်တီမီဒီယာ လုပ်ငန်းများတွင် အသုံးပြုသော ကမ္ဘာတွင် အမြန်ဆုံး အလုပ်လုပ်နိုင်သည့်ကွန်ပျူတာချစ်(ပ်)ပြားများကို ယခုနှစ်တွင် စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ဆမ်ဆောင်းကုမ္ပဏီမှ တာဝန်ရှိသူက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ဖော်ပြထား

အသစ်ထုတ်လုပ်မည့် ၂၅၆ မဂ္ဂါဗိုက်မှတ်ဉာဏ်စွမ်းအားရှိ ချစ်(ပ်)ပြားသည် လက်ရှိ အသုံးပြုနေသော ချစ်(ပ်)ပြားများထက် ၁၀ ဆပို၍မြန်ဆန်အောင် အလုပ်လုပ်နိုင်ကြောင်း ဆမ်ဆောင်းကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ကွန်ပျူတာချစ်(ပ်)ပြားများကို ဗီဒီယိုစက်များ၊ ဂိမ်းစက်များ၊ ဒီဂျစ်တယ်ရုပ်သံဖမ်းစက်များ၊ ဆာဗာများနှင့် အခြားကွန်ပျူတာ လုပ်ငန်းများတွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။

မျက်မှောက်ကာလတွင် စွမ်းအားမြင့် မာလ်တီမီဒီယာ လုပ်ငန်းများအတွက် မှတ်ဉာဏ်စွမ်းအား မြင့်မားသော ကွန်ပျူတာချစ်(ပ်)ပြားများကို များစွာ လိုအပ်လျက်ရှိသည်။ သို့ဖြစ်၍ ယခုထုတ်လုပ်မည့် ချစ်(ပ်)ပြားအသစ်သည် ဈေးကွက်တွင် အလားအလာ လွန်စွာကောင်းကြောင်း ဆမ်ဆောင်းကုမ္ပဏီ၏ အရောင်းဌာန ညွှန်ကြားရေးမှူး မူဇ်ဒန်းက ပြောကြားသည်။

အသစ်ထုတ်လုပ်သည့် XDR ဒရမ်ချစ်(ပ်)ပြားများသည် ဈေးကွက်တွင် မှန်မှန်အရောင်းတက်လာပြီး ၂၀၀၉ခုနှစ်တွင် ချစ်(ပ်)ပြားယူနစ်ပေါင်း သန်း ၈၀၀ ရောင်းချရဖွယ် ရှိကြောင်း ကုမ္ပဏီ၏ ဈေးကွက်သုတေသနဌာနက ခန့်မှန်းထားသည်။ ဆမ်ဆောင်းကုမ္ပဏီသည် ယခုနှစ် ပထမနှစ်ဝက်တွင်၅၁၂မဂ္ဂါဗိုက် XDRဒရမ် ချစ်(ပ်)ပြားများကို ဆက်လက်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အမ်အင်အေ၊အေအက်ဖ်ပီ။

ဟိုချီမင်းစီးတီးအိမ်ရာစီမံကိန်း တရုတ်ကုမ္ပဏီရင်းနှီးမြှုပ်နှံခွင့်ရ

ဟန္နိုင်း ဇန်နဝါရီ ၂၆

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံရေးနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးတွင် ဝင်ငွေနည်းပြည်သူများအတွက် အိမ်ရာဆောက်လုပ်ရေးစီမံကိန်း တစ်ရပ်ကို လုပ်ကိုင်ခွင့်ရရှိသွားသည့် ပထမဦးဆုံးသော နိုင်ငံခြားကုမ္ပဏီ ဖြစ်လာသည်။

ရင်းနှီးမြှုပ်နှံ

ဟိုချီမင်းစီးတီးရှိ ၃၇ ဒသမ ၇ ဟက်တာ ကျယ်ဝန်းသော မြေနေရာပေါ်တွင် ငါးထပ်မှ၁၅ထပ်အထိ မြင့်သော တိုက်ခန်းတွဲနေအိမ်များ ဆောက်လုပ်သွားမည် ဖြစ်ကြောင်း၊ အများပြည်သူနှင့်ဆိုင်သော စာသင်ကျောင်းများနှင့် ပန်းခြံများကိုလည်း ဆောက်လုပ်မည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀ ကို ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု သုံးသပ်လေ့လာရေး စာစောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

ချထားပေး

၎င်းစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူပေါင်း ၂၀၀၀၀ ခန့်အတွက် အိမ်ခန်းနေရာ ချထားပေးမည်ဖြစ်ကြောင်း၊ အိမ်ခန်းအများစုကို အရစ်ကျငွေချေသည့်စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ကုမ္ပဏီ ညွှန်ကြားရေးမှူး လင်ယင်ဆန်က ပြောကြားသည်။

မြို့တော်ဖွံ့ဖြိုးရေးစီမံကိန်းနှင့်အညီ ၎င်းအိမ်ရာစီမံကိန်းကို ဝင်ငွေနည်းပြည်သူများအတွက် အိမ်ခန်းများနေရာ ချထားပေးမည်ဖြစ်ကြောင်း ဒုတိယမြို့တော်ဝန် ငုယင်ဟူတင်က ပြောကြားသည်။

ရည်မှန်း

ဟိုချီမင်းစီးတီးတွင် လူဦးရေခြောက်သန်းကျော်နေထိုင်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်အရောက်တွင် လူတစ်ဦးအတွက် ပျမ်းမျှအိမ်ခန်း အကျယ်အဝန်းကို ၉ စတုရန်းမီတာမှ ၁၂ စတုရန်းမီတာအတွင်း ထားရှိရန် ရည်မှန်းထားသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ၏ ဖက်စပ်လုပ်ငန်းဖြစ်သော ရေးနော့သ် ဆမ်ဆောင်းကုမ္ပဏီက ထုတ်လုပ်သည့် အက်စ်အမ် ၅ ဆီဒင်ကားကို ဆိုးလ်မြို့ အရောင်းမြှင့်တင်ရေး ပြခန်းတွင် ပြသထားသည်ကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှားသို့ ဂိုချောက်တောင်သွားရောက်မည်

စင်ကာပူ ဇန်နဝါရီ ၂၆

စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် အဗ္ဗဒူလာဘာဒါဝီနှင့် တွေ့ဆုံဆွေးနွေးရန် ဖေဖော်ဝါရီလတွင် မလေးရှားနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်းမီဒီယာသတင်းများကဖော်ပြသည်။

ရည်ရွယ်

၎င်းခရီးစဉ်သည် နှစ်နိုင်ငံအကျိုးတူ ဆက်ဆံရေးတိုးတက်မှုရှိရန် ရည်ရွယ်သော ခရီးစဉ်တစ်ရပ်ဖြစ်ကြောင်း ရေတပ်စစ်ရေးပြ အခမ်းအနားတစ်ရပ်တွင် ဂိုကပြောကြားသည်။

တရုတ်နှစ်သစ်ကူးကာလနောက်ပိုင်းတွင် ဝန်ကြီးချုပ်ဘာဒါဝီနှင့် သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း၊ အကျိုးဖြစ်ထွန်းစေမည့် ခရီးစဉ်အဖြစ် မှတ်ယူထားကြောင်း ၎င်းကပြောကြားသည်။ ယခင်နှစ် ဒီဇင်ဘာ ၁၃ ရက်က ကွာလာလမ်ပူမြို့တွင် ဂိုနှင့်ဘာဒါဝီတို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံသည် မြေရိုင်းဖော်ထုတ်ရေးကိစ္စရပ်များ နှင့်ပတ်သက်၍ မကြာသေးမီကမှုအားဖြင့်သဘောတူညီမှုရရှိခဲ့ကြောင်းသိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ရေအနောက်ခြမ်း ရွှေရောင်လွှမ်းတော့မည်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအများစု အသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများ အကျိုးရှိထိရောက်စွာ လုပ်ကိုင်နိုင်စေရန်အတွက် စိုက်ပျိုးရေလိုအပ်နေသည့် နေရာဒေသများကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာပြီး ရေလှောင်တမံစီမံကိန်းများကို နိုင်ငံတော်တစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

မကွေးတိုင်း၊ မင်းလှမြို့နယ်တွင် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ဖော်ဆောင်ပေးမှုကြောင့် ၁၉၉၉-၂၀၀၀ ပြည့်နှစ်များတွင် ကန်တုတ်၊ ဒီးတုတ်ကန်၊ ကျောက်ပုံ၊ စစ်သူငယ်၊ ကွေ့ကျော၊ ကန့်ကျော၊ ခါးဇတ်၊ သံပုရာကန်၊ ပန်းတော်ပြင်၊ မဲဇလီတောနှင့် အခြားကျေးရွာပေါင်းများစွာ၌ သန့်ရှင်းသော သောက်သုံးရေများရရှိခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်က ဆောင်ရွက်ပေးမှုကြောင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံပေါင်း ၁၇၀ တည်ဆောက်နိုင်ခဲ့ပြီး မြစ်ရေတင်စီမံကိန်းပေါင်း ၂၇၁ ခုဖြင့် စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့်အပြင် တည်ဆောက်ဆဲစီမံကိန်း ၃၀ တို့နှင့် ရေအားလျှပ်စစ်စက်ရုံပေါင်း ၃၀ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်ကာလအတွက်ပါ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်နေပြီဖြစ်သည်။

ယင်းစီမံကိန်းများကြောင့် လယ်ယာမြေကေ သန်းနှင့်ချီ၍ စိုက်ပျိုးရေးပုံစံပြောင်းလဲသွားခဲ့ပြီး တစ်သီးစားမှ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်မှုအခွင့်အလမ်းများ ရရှိခဲ့ပါသည်။ ထိုမှတစ်ဆင့် တိုးတက်ထွက်ရှိလာသည့် သီးနှံရိတ်သိမ်းရေး၊ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိတ်ခွဲရေး၊ ဖြန့်ဖြူးရေးဖြစ်စဉ်များ ကျယ်ဝန်းများပြားလာပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် ဒေသခံပြည်သူတို့၏ စီးပွားရေးဘဝကို မြှင့်တင်နိုင်သည့် အခြေအနေသစ်များကို ဖန်တီးဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။

လက်ရှိ ဖြစ်ထွန်းနေသည့် အခြေအနေကောင်းများ အရှိန်အဟုန်မပျက် ဆက်လက်ဖြစ်ပေါ် တိုးတက်နေစေရေးအတွက် နိုင်ငံတော်က စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့်

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် မုန်းချောင်းဘက်စုံ ရေလှောင်တမံကြီးကို ဒီဇင်ဘာ ၂၉ ရက်က ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

သောက်သုံးရေရရှိရေးအတွက် ၂၀၀၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်နေ့က မြိုင်မြို့နယ်အတွင်းရှိ သစ်ကြီးတောကျေးရွာအနီးတွင် သစ်ကြီးတော ရေလှောင်တမံနှင့် ဒေါင်းအိုကျေးရွာအနီးတွင် သီရိနန္ဒာရေလှောင်တမံတို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အပြင် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် နတ်မောက်ကျေးရွာအနီး၌ ပဒဲရေလှောင်တမံကို ယခု ဇန်နဝါရီလ ၂၄ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းရေလှောင်တမံသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ၁၇၀ မြောက် ရေလှောင်တမံဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၁၈၂၂ သန်း ရင်းနှီးသုံးစွဲ၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။ မကွေးတိုင်းအတွင်းတွင် ၃၄ ခုမြောက် ရေလှောင်တမံဖြစ်သည်။

ယခု ပဒဲရေလှောင်တမံ တည်ဆောက်ပြီးစီးသွားခြင်းကြောင့် မူရင်းသီးနှံ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်း ဧက ၆၄၀၀ အပြင် သီးထပ်အဖြစ် နွေစပါး၊ ကုလားပဲတို့ကို ဧက ၆၄၀၀ ထပ်မံတိုးတက် စိုက်ပျိုးလာနိုင်ပြီဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် တစ်နှစ်နှစ်သီးနှင့် သီးနှံစိုက်စွမ်းအားကို ၂၀၀ ရာခိုင်နှုန်းအထိ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း သိရပါသည်။

မုန်းချောင်းသည် ချင်းပြည်နယ် တောင်တန်းများမှ စတင်စီးဆင်းခဲ့ပြီး ပွင့်ဖြူမြို့နယ်အတွင်းမှ ဖြတ်သန်း၍ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် ၁၉၆ မိုင်ခန့် အရှည်ရှိသော ချောင်းအကြီးစားဖြစ်သည်။

စာရေးသူတို့သည် မုန်းချောင်းနံဘေးမှ ဘူးသည်ရွာတွင် ငါးစာကျွေး၍ မြတ်စွာဘုရား ဒေသစာရီကြွမြန်းတော်မူရာ လယ်ကိုင်းကျောင်းတော်ရာစေတီဦးကို ဖူးမြော်ခဲ့ပါသည်။ ရေအနောက်ခြမ်း ဤဒေသသည် ပျော်ရွှင်ချမ်းမြေ့ကြည်နူးဖွယ် ရေဝေကုန်းတန်း ဆည်မြောင်း ကန်ချောင်းများဖြင့် သာယာတင့်မောဖွယ်ရှိနေပါသည်။

စာရေးသူတို့အဖွဲ့သည် ပခုက္ကူမှ စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံဖွင့်ပွဲသို့ ရောက်ရှိသွားကြသည်။ မကွေးတိုင်းအနောက်ခြမ်း၌ မုန်းချောင်း၊ စလင်းချောင်း၊ မန်းချောင်း၊ ယောချောင်း စသည့်ချောင်းများသည် ဧရာဝတီမြစ်အတွင်း တိုက်ရိုက်စီးဝင်သည့် ရေစီးအားကောင်းသော ချောင်းကြီးများဖြစ်သည်။ ယခင်က ဤချောင်းကြီးများ အတားအဆီးကြောင့် မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ ဆိပ်ဖြူ၊ ပခုက္ကူ စသည့်ဒေသများသည် ဒေသအတွင်း အပြန်အလှန် ဆက်သွယ်သွားလာရန် ခက်ခဲသကဲ့သို့ ဧရာဝတီမြစ်ကိုဖြတ်ပြီး အရှေ့ဘက်ကမ်းသို့ ကူးသန်းသွားလာရန် မလွယ်ကူခဲ့သည်ကို ဒေသခံပြည်သူများအနေဖြင့် ကိုယ်တိုင်ခံစားသိရှိကြပြီးဖြစ်သည်။ ချောင်းရေကြီး၍ ကူးသန်းသွားလာမှုမရသည့် အခက်အခဲများ၊ တစ်ခါတစ်ရံ ချောင်းရေကြီးမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရသည်များသည် ဤနယ်မြေဒေသအတွက် မမေ့နိုင်လောက်သည့် ယခင်က ဖြစ်ရပ်များပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မကွေးတိုင်း အနောက်ဘက်ခြမ်းဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးအစီအမံများ ချမှတ်ပေးပြီး အခြေခံလိုအပ်ချက်များကို တစ်ခုပြီးတစ်ခု ပြန်လည်တည်ဆောက် အကောင်အထည်ဖော်စေခဲ့သည်။

ဒေသအတွင်း ရာသီမရွေး သွားလာနိုင်အောင် ချောင်းကူးတံတားများဖြစ်သည့် ယောချောင်းတံတား၊ မန်းချောင်းတံတား၊ နွယ်တမယ်(စလင်း)တံတား၊ မုန်းချောင်းတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးသကဲ့သို့ ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည့် အနော်ရထာတံတားနှင့် မကွေးတံတားတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည့်အတွက် ဧရာဝတီအနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းဒေသများသည် ရေခြားမြေခြားမနေတော့ဘဲ တစ်ဆက်တစ်စပ်တည်း ဖြစ်လာနေသည်မှာ ယနေ့ပြည်သူများ ခံစားနေရသည့် လက်တွေ့ဘဝပင် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မုန်းချောင်းရေလှောင်တမံဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားရာတွင် **မကွေးတိုင်း ပြည်သူများအပိုင်းကလည်း နိုင်ငံတော်၏ မွန်မြတ်သည့် စေတနာနှင့် မြင့်မားသည့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်အပေါ် မိမိတို့၏ လုပ်အား၊ စွမ်းအား၊ ဝီရိယအား၊**



မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ပဒဲချောင်းပေါ်တွင် တည်ဆောက်ထားသော ပဒဲရေလှောင်တမံကို တွေ့ရစဉ်။

စေတနာအားတို့ဖြင့် ပေါင်းစပ်တုံ့ပြန်ရန်၊ အမှန်တကယ် အလုပ်လုပ်ပြီး တုံ့ပြန်ရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့အထိ နိုင်ငံတော်၌ ရရှိသည့် တိုးတက်အောင်မြင်မှုအသီးအပွင့်များသည် နိုင်ငံတော်နှင့် ပြည်သူ တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်နိုင်ခဲ့၍ပင် ဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း ဤကဲ့သို့ ဦးထမ်းပဲ့ထမ်း တက်ညီလက်ညီ ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သွားရမည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်များသည်လည်း များစွာရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းရင်းသားပြည်သူအားလုံး၏ နီးကြားသော ပူးပေါင်းမှုစွမ်းအားများနှင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က လေးလေးနက်နက် မှာကြားသွားပါသည်။

၁၉၉၈ ခုနှစ်တွင် မန်းချောင်းရေလှောင်တမံ၊ ၂၀၀၁ ခုနှစ်တွင် စလင်းရေလှောင်တမံတို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယောချောင်း၌လည်း ဒေသမြေပြင် အနေအထားအရ ရေလွှဲဆည်အဆင့်ဆင့် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

မုန်းချောင်းကို ထိန်းချုပ်ပြီး ပြည်သူများ၏ အကျိုးစီးပွားအတွက် ဘက်စုံအသုံးချနိုင်အောင် မုန်းချောင်းဘက်စုံရေလှောင်တမံကြီးကို အချိန်ယူ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် မုန်းချောင်းမှ ရေကို တိုးချဲ့သိုလှောင်ထိန်းသိမ်းပြီး မဲဇလီရေလွှဲဆည်၏ ရေသောက်စနစ်အတိုင်း စိုက်ပျိုးရေကို ရာသီမရွေး တိုးချဲ့ပေးဝေနိုင်ပြီဖြစ်သည်။ စိုက်ပျိုးမြေ ဧရိယာဧက တစ်သိန်းကျော်သည် စိုက်ပျိုးရေ အပြည့်အဝ ရရှိတော့မည်ဖြစ်သည်။ ရှေးယခင်က မဲဇလီရေလွှဲဆည်အနေဖြင့် မုန်းချောင်းရေကို အလိုက်သင့်သာ ထိန်းချုပ်ထားနိုင်သည့်အတွက် မြောက်မုန်းနှင့် တောင်မုန်းမြောင်းတို့မှတစ်ဆင့် အလှည့်ကျ ရေပေးဝေနိုင်ခဲ့သည်။ ယခုအခါ ရေလှောင်တမံကြီးများ၏ အကျိုးပြုမှုကို လက်တွေ့အသုံးချမှုဖြင့် လူနေမှုအဆင့်အတန်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပြီး လျှပ်စစ်သုံးစွဲမှု ပမာဏသည် တိုးတက်မြင့်မားလာမည်ဖြစ်သည်။

တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်ဟု တွက်ချက်ရရှိနေသည်။ ရန်ကုန်မြို့တော်တစ်ခုတည်း၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ကြည့်မည်ဆိုလျှင် လွန်ခဲ့သည့် ၁၅ နှစ်ခန့်အတွင်း မဂ္ဂါဝပ် ၁၃၀ ခန့် သုံးစွဲရာမှ မဂ္ဂါဝပ် ၄၅၀ ခန့်အထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိနေရသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိငါးနှစ်စီမံကိန်းကာလအတွင်းမှာပင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ထုထောင်သွားရန် လမ်းညွှန်ထားပြီးဖြစ်သည်နှင့်အညီ တစ်ဆက်တည်း အကောင်အထည်ဖော်လျက်ရှိသည်။

တစ်နိုင်ငံလုံးရှိ မြစ်များ၊ ချောင်းများ၏ နှစ်စဉ်ရေစီးဆင်းမှုပမာဏသည် ဧကပေ ၈၇၆ သန်းကျော်ရှိသည့် အနက် ကျွမ်းကျင်သူများ၏ လေ့လာတိုင်းတာမှုများအရ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သော ရေအရင်းအမြစ် နေရာပေါင်း ၂၆၈ ခု၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀၀၀ နီးပါးခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယခု မုန်းချောင်းဘက်စုံစီမံကိန်းသည် နိုင်ငံတော်တစ်ရပ်လုံးနှင့် အကျုံးဝင်သည့် မဟာဓာတ်အားလိုင်းစနစ်စီမံကိန်းဝင် လုပ်ငန်းတစ်ခုဖြစ်သည်။ ဒေသအတွက်ရော နိုင်ငံအတွက်ပါ အကျိုးပြုသည့် တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ စိုက်ပျိုးမြေ ဧကတစ်သိန်းကျော်ကို ရေပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည်။ ဒေသကို ချောင်းရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်စွမ်းရှိသည်။ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု အကျိုးသက်ရောက်မှုများကို သားစဉ်မြေးဆက်အထိ ရေရှည်ခံစားသွားရမည်ဖြစ်သည်။

မုန်းချောင်းရေစီးအားကို ပိုမိုထိရောက်စွာ တိုးချဲ့အသုံးပြုနိုင်ရန်အတွက် လေ့လာတိုင်းတာမှုများအရ မုန်းချောင်းအထက်ပိုင်း၌ ဗူးရွာရေအားလျှပ်စစ်စီမံကိန်းနှင့် မုန်းချောင်းအောက်ပိုင်း၌ ကြီးအုံ-ကြီးဝ စီမံကိန်းအသစ်နှစ်ခု ဖော်ထုတ်ရရှိသည့်အတွက် ဤစီမံကိန်းများကို ယခု စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

ထို့ကြောင့် မုန်းချောင်းတစ်လျှောက်၌ မကြာမီကာလအတွင်း မုန်းအပြင် ကြီးအုံ-ကြီးဝနှင့် ဗူးရွာစီမံကိန်းနှစ်ခုက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ခန့်ကို တိုးချဲ့ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သည်။ ခြုံလိုက်လျှင် မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံအဆင့်ဆင့်နှင့် ရေအားလျှပ်စစ်စက်ရုံတို့ဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို လုံလောက်စွာပေးနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀၀ နီးပါးခန့် ထုတ်လုပ်ဖြန့်ဖြူးနိုင်နေပြီဖြစ်ရာ ရေအနောက်ခြမ်း ရွှေရောင်လွှမ်းတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သမိုင်းဝင် စည်းလုံးညီညွတ်မှုစွမ်းပကားကြောင့် မိမိတို့သည် လွတ်လပ်ရေးရခဲ့ ပြည်ထောင်စုနေ့ကြီးသည် ဂုဏ်ထူးဝိသေသပေါင်းများစွာနှင့် ပြည့်စုံနေ

✧ ကျောဖုံးမှ

သဘာပတိအဖွဲ့ဝင်များအဖြစ် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်စုစု၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင် ဒေါ်တင်တင်မြင့်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် သန့်စင်ကြယ်စံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးအောင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ညောင်ဦးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှဲ့လှဲ့ဆွေကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ညောင်ဦးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းဝေကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် သဘာပတိ ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ် စံပြကျေးရွာ၌ကျင်းပရာ သဘာပတိ ညောင်ဦးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့မိမိတို့အားလုံး ဤနေရာ၌ စုဝေးရောက်ရှိခြင်းသည် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးကို အလေးအနက် ဂုဏ်ပြုရန်နှင့် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြရန်အတွက် ဖြစ်ကြောင်း။

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့က ရှမ်းပြည်နယ်ပင်လုံမြို့၌ တိုင်းရင်းသားအားလုံးက တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ပြီး ဥမကွဲသိုက်မပျက် နေထိုင်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြကြောင်း။

ယင်းဆုံးဖြတ်ချက်ကြောင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးဖြစ်လာခဲ့ကြောင်း။

စည်းလုံးညီညွတ်မှုစွမ်းအား

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပေါင်းစုံ၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မိမိတို့အားလုံး သူ့ကျွန်ဘဝကလွတ်မြောက်လာခဲ့ရကြောင်း၊ ဖိနှိပ်အုပ်ချုပ် သွေးစုပ်ခြယ်လှယ်ခဲ့သည့် တိုင်းတစ်ပါးနယ်ချဲ့အောက်က လွတ်မြောက်လာရခြင်းသည် ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့် ဖြစ်ကြောင်း။

ထို့ကြောင့်လည်း မိမိတို့နိုင်ငံ၌ ပြည်ထောင်စုနေ့ အခမ်းအနားကို နှစ်စဉ် ဂုဏ်ယူကျင်းပခဲ့ကြကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် တလုံးတစည်းတည်းသောပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေး တာဝန်ကြီးသုံးပါးကို ကိုင်စွဲပြီး နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာအောင် နေ့မအား၊ ညမနား စွမ်းစွမ်းတမံ ထမ်းဆောင်နေကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းတာတမံပေါင်း ၁၇၀ကို တည်ဆောက်ပေးခဲ့ကြောင်း၊ ဤမျှများပြားလှသည့် ဆည်တမံများကို အချိန်တိုအတွင်း တည်ဆောက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင်လည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အချိန်တိုကာလအတွင်း များပြားစွာ တည်ဆောက်ပေးနိုင်ခြင်းမျိုးကို မည်သည့်ခေတ် မည်သည့်ကာလကမျှ မစွမ်းဆောင်နိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေ ရရှိရေးအတွက်ကိုလည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးရာတွင် မြစ်ရေတင်စီမံကိန်းများ၏ အောင်မြင်မှု အသီးအပွင့်များကို မိမိတို့အားလုံး လက်ငင်းအကျိုး ခံစားခွင့်ရရှိနေကြပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဖျား၊ အရှေ့မှအနောက် လမ်းများ ဖောက်လုပ်ခဲ့ကြောင်း၊ တံတားများ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ဤအကျိုးရလဒ်များကြောင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တစ်နေရာနှင့်တစ်နေရာ အလွယ်တကူ သွားလာနိုင်ပြီး ချစ်ခင်ရင်းနှီးမှု တိုးတက်ကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန် ခိုင်မာလာစေကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌လည်း ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်ဒေသနှင့် မြို့ပေါ်ဆက်သွယ်သည့် လမ်းများသည် ကွန်ရက်ပမာ လက်ယှက်ထိုး ဆောင်ရွက်ထားသည့်အတွက် ရှေးယခင်ကနှင့်မတူ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း။

စက်မှုလက်မှု လုပ်ငန်းများအနေဖြင့် တစ်ချိန်က အသေးစားစက်ရုံငယ်လေးများသာ ရှိခဲ့ရာက ယခုအခါ စက်မှုဇုန် ၁၉ခု၌ စက်ရုံကြီးများ အများအပြား တည်ဆောက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံပေါင်း ၂၇၄၃၀ ရှိရာမှ ယခုဆိုလျှင် စက်ရုံပေါင်း ၅၁၉၈၀ ထိ ရှိနေပြီဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပညာရေးကဏ္ဍအနေဖြင့် အဓိကအလေးထားဆောင်ရွက်လာသည်ကိုတွေ့ရကြောင်း၊ ၁၉၈၈ခုနှစ်တွင် အခြေခံပညာ ကျောင်းပေါင်း ၃၃၇၄၇ ကျောင်း ရှိခဲ့ရာက ယနေ့ကာလတွင် ၄၀၅၀၅ ကျောင်းအထိ တိုးတက်လာခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်ဆိုရင်လည်း ၁၉၈၈ခုနှစ်က တက္ကသိုလ်/ကောလိပ် ၃၂ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် ၁၅၆ခုထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ၁၉၈၈ခုနှစ်တွင် အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာ ရှိခဲ့ရာမှ ယနေ့ အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံပေါင်း ၈၁၃ရုံထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး ယခင်အခါကနှင့်မတူ ယခုအချိန်အခါတွင် ကမ္ဘာ့အဆင့်အတန်းမီ ဟိုတယ်ကြီးများကို အံ့မခန်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဒေသပေါင်းစုံကို ကြည့်လျှင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဒေသကြီး ၂၄ခုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီကာစဉ်ကာ တစ်ပြိုင်နက် ဆောင်ရွက်လျက်ရှိကြောင်း။

အသွင်ကူးပြောင်းရေး

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်ပြီး အမြဲဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ထာဝရတည်တံ့စေရန် ယခုကဲ့သို့ အခြေခံကောင်းများ တည်ဆောက်ရင်းနှီးမြှုပ်နှံနေခြင်းသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနိုင်ရန်အတွက်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါမူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့် အခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့် မေလက စတင်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါတွင်လည်း မိုးဥတု စိုက်ပျိုးရေးရာသီပြီးဆုံးကာ ပွင့်လင်းရာသီ ရောက်လာပြီဖြစ်၍ ဖေဖော်ဝါရီ ၁၇ရက်တွင် အမျိုးသားညီလာခံကြီး ပြန်လည်စတင်ရန် စီစဉ်ထားပြီး ဖြစ်ကြောင်း။

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမများ၏ စည်းလုံးညီညွတ်မှုကို ဂုဏ်ပြုသည့် ပြည်ထောင်စုနေ့ကြီးသည်လည်း ၁၂-၂-၂၀၀၅ရက်တွင် (၅၈)နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုတက်ရောက်လာကြသော ပြည်သူလူထုတစ်ရပ်လုံးက ပြည်ထောင်စုနေ့ကြီးကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကြီးကို လေးလေးနက်နက် ကြိုဆိုထောက်ခံကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြောင်းတင်ပြချက်ကို ညောင်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မွန်ဟန်က တင်ပြရာ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ဂုဏ်ပြုပြီး ထိုနေ့ကို မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြကြောင်း။

သမိုင်းဝင် စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့သည် လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြကြောင်း၊ အချုပ်အခြာအာဏာ ပြန်လည်ရရှိလာခဲ့ကြကြောင်း၊ လွတ်လပ်သောနိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့် ရရှိလာခဲ့ကြကြောင်း။

ထို့ကြောင့် ပြည်ထောင်စုနေ့ကြီးသည် ဂုဏ်ထူးဝိသေသပေါင်းများစွာနှင့် ပြည့်စုံနေကြောင်း၊ ပြည်ထောင်စုနေ့ကြီးကို နိုင်ငံတစ်ဝန်းလုံး နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ကြကြောင်း၊ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုခဲ့ကြကြောင်း။

ယခုနှစ် ပြည်ထောင်စုနေ့ကို နိုင်ငံတော်အစိုးရက ဦးတည်ချက်(၅)ရပ်ဖြင့် ကျင်းပမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုသားများသည် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်လာခဲ့ကြကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီး တစ်မျိုးသားလုံးနှင့် လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ငြိမ်းချမ်းရေးရယူ

နိုင်ငံတော်အစိုးရက အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အားဖြင့် စည်းလုံးညီညွတ်မှုကို စတင်ကြိုးပမ်းခဲ့ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင် ၁၇ဖွဲ့နှင့် ငြိမ်းချမ်းရေး သဘောတူညီမှုရယူပြီး လက်တွဲဖော်ဆောင်ခဲ့ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရာတွင် လုံခြုံရေးကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးကို ပထမဆုံး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသအားလုံး လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများ၌ ငွေလုံးငွေရင်းများ စွာပုံအောပြီး ဖော်ဆောင်ခဲ့၍ ယနေ့တွင် အသီးအပွင့်များကို စတင်မြင်တွေ့နေရပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများရှိရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ပုံအောဆောင်ရွက်ခြင်းကြောင့် တိုင်းရင်းသားအပေါင်း၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရင့်သန်စေကြောင်း၊ တိုင်းရင်းသားအားလုံး၏ ရင်ထဲအသည်းထဲတွင် တစည်းတလုံးတည်းသော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးကို ဖြစ်ပေါ်စေကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင် ဖန်တီးနေသည့် အဖျက်သမားများ၏ အန္တရာယ်ကို စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန်ဖယ်ရှားကြမည်ဖြစ်ကြောင်း၊ ယခုနှစ် ပြည်ထောင်စုနေ့၏ ဦးတည်ချက်များသည် ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးအတွက် ကာကွယ်ရေးသန္နိဋ္ဌာန်ကို ဖြစ်ပေါ်စေကြောင်း၊ သမိုင်းအစဉ်အလာကြီးမားလှသည့် နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကို မိမိတို့ လူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။

ကြိုဆိုထောက်ခံ

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထားထားဝင်းက တင်ပြရာ၌ မိမိအနေဖြင့် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သန့်စင်ကြယ်စံပြကျေးရွာ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လှဲ့လှဲ့ဆွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းဝေတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

(28-1)internet.P65 7 1/2/32, 13:16

နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်အောင် ကြံ့ခိုင်သည့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်း

● စာမျက်နှာ ၃ မှ

အပြန်အလှန်လေးစားနားလည်မှု၊ အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်အောင် ကြံ့ခိုင်သည့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပြီး ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ကြိုဆိုထောက်ခံ

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဘားအံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဘားအံ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မာချို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

အလုပ်အမှုဆောင် ဒေါ်ခင်မာချိုက တင်ပြရာတွင် တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်များကို စတင်ယူစဉ်ကတည်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအရေးကြီးသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ နိုင်ငံရေးဦးတည်ချက်လေးရပ်၊ စီးပွားရေးဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက် လေးရပ်တို့ကိုလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းခဲ့ရာတွင် ယနေ့ဆိုလျှင် အောင်မြင်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီဆိုသည်ကို ဘယ်သူမှ ငြင်းပယ်လို့မရသည့် ပကတိအခြေအနေများပင် ဖြစ်ပါကြောင်း။

လမ်းစဉ် (၇)ရပ်

နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးတို့အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဤမူဝါဒလမ်းစဉ် (၇)ရပ်သည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်မည့် လုပ်ငန်းအစီအစဉ် အဆင့်(၇)ဆင့်ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတွက် ပထမအဆင့်အဖြစ် ၁၉၉၆ ခုနှစ်က ယာယီအားဖြင့် ခေတ္တဆိုင်းငံ့ထားသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပသောအခါ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူ လယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြကြောင်း၊ အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံမူကြီးများကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားပြည်သူများအတွက် အသက်တမျှအရေးကြီးပြီး နိုင်ငံတော်အတွက် ရေရှည်တည်တံ့မည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကို လာမည့် ဖေဖော်ဝါရီလ ၁၇ ရက်တွင် စတင်ပြီး အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ဆက်လက်ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံးဖြစ်ပြီး မကြာမီဆက်လက်ကျင်းပတော့မည်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို မိမိတို့အသင်းဝင်များအပါအဝင် ပြည်သူလူထုကြီး တစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖာပွန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ဝင်းက တင်ပြရာတွင် မိမိတို့အသင်းသည် အသင်း၏စည်းရုံးရေး လက်တွေ့လုပ်ငန်းစဉ်များအဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်နယ်၊ တိုင်း၊ မြို့ပြ၊ ကျေးလက် တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အစီအမံများနှင့် စည်းရုံးရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေကြောင်း၊ မိမိတို့ပြည်နယ်အတွင်း ဖြစ်ပေါ်ရရှိသော အကျိုးရလဒ်များမှာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြို့နယ်အသီးသီး၌ရှိသည့် အခြေခံပညာ မူလတန်းကျောင်း ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ယနေ့အထိ ၁၅ ကျောင်း ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လိုအပ်သည့်ပရိဘောဂများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း။

ရေအားလျှပ်စစ်

ကျေးလက်နေပြည်သူများ လူနေမှုအဆင့် တိုးတက်မြင့်မားလာရေးအတွက် အသင်းက ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းတစ်ခုမှာ ရေအားလျှပ်စစ်ဖြင့် မီးလင်းအောင်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ရာသီမရွေး ရေရရှိနိုင်သည့် ဘားအံ၊ သံတောင်၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ မြဝတီမြို့နယ်များရှိ ကျေးလက်ဒေသများတွင် ရေအားလျှပ်စစ် ၂၅ လုံး တပ်ဆင်ပေးနိုင်ခဲ့ပြီး ကျေးရွာများကို မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် လူနေမှုအဆင့် တိုးတက်ဖြစ်ပေါ်ခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် စုစုပေါင်းကျပ် ၆၇ သိန်း ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း။

ရှင်းလင်းတင်ပြ

ကရင်ပြည်နယ် အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ချက်များကို ဖာပွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် တောင်ကျစမ်းရေမှ ရေသွယ်ယူကာ ကျေးရွာအရောက် ဖြန့်ဝေပေးခြင်းကို သံတောင်မြို့နယ် ရွှေညောင်ပင်ကျေးရွာမှ ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ လှိုင်းဘွဲ့၊ ကောကရိတ်မြို့နယ်များတွင် ရေတွင်းများဖော်ပြီး ရေကောင်းရေသန့် ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေ ရရှိရေးအတွက်လည်း ယခင်စိုက်ပျိုးရေမရခဲ့သည့် ဒေသအချို့တွင် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် နွေရာသီတွင် စပါးစိုက်နိုင်သော အခြေအနေ ရရှိနေပြီးဖြစ်ကြောင်း၊ ဘားအံမြို့နယ် တရုတ်လှစ်ပြကျေးရွာ၊ ဘားကပ်စုပြကျေးရွာနှင့် ထုံးအိုင်စုပြကျေးရွာများတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နွေစပါး ပိုမိုစိုက်ပျိုးနိုင်ပြီး ဒေသဆန် ဖူလုံရေးအကျိုးကို ရရှိခံစားကြရကြောင်း၊ တစ်ဖက်ကလည်း စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့သကဲ့သို့ မွေးမြူရေးလုပ်ငန်းကိုလည်း မိရိုးဖလာမွေးမြူရေးမှ မွေးမြူရေးဇုန်ထူထောင်ပေးပြီး စနစ်တကျ မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်လာနိုင်သည့်အတွက် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားရေးဘဝကို ခိုင်ခိုင်မာမာရပ်တည်နိုင်မှု ဖြစ်ထွန်းလာကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကို တိုင်းရင်းသား ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်းခဲ့ရာတွင် ယနေ့ဆိုလျှင် အောင်မြင်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီဆိုသည်ကို ဘယ်သူမှ ငြင်းပယ်လို့မရသည့် ပကတိ အခြေအနေများပင်ဖြစ်။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်၏ စနစ်တကျ စောင့်ရှောက်ပေးမှု၊ မိမိတို့၏ စည်းရုံးမှုကြောင့် ကျေးလက်ဒေသများသည် တစ်ဦးချင်း၊ တစ်ရွာချင်း ကျန်းမာရေး အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ အခြေခံပညာ မူလတန်းကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးကို တန်ဖိုးငွေကျပ် ၉၃ သိန်း အကုန်အကျခံ၍ ဒုတိယအကြိမ် ခုနစ်ကျောင်း ပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ကျန်းမာရေးဆေးခန်းများပြုပြင်ရေး၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ရေးတို့ကို ကြိုးပမ်းပြီး စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ရေအားဖြင့် လျှပ်စစ်မီးရယူရေးကိုလည်း မြို့နယ်များက တင်ပြလာချက်အပေါ် လိုအပ်သည့်ကျေးရွာတွေကို ထပ်မံထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါကြောင်း။

ကျေးလက်တွင်နေထိုင်သည့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအကျိုးကို ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးနိုင်သည်နှင့်အမျှ မြို့ပြနှင့် ကျေးလက်လူနေမှုဘဝ ကွာဟချက်များသည် တဖြည်းဖြည်းကျဉ်းမြောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက တစိုက်မတ်မတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို လှိုက်လှိုက်လှဲလှဲကြိုဆိုထောက်ခံပါကြောင်းဖြင့်တင်ပြသွားသည်။

အတည်ပြု

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ထောက်ခံခြင်းအဆိုများနှင့် စပ်လျဉ်း၍ တက်ရောက်လာသော ပြည်သူလူထု၏ သဘောတူညီကြောင်း တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက ရာသက်ပန်ပြည်ထောင်စုသီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အား ဂုဏ်ပြု တင်ပြချက်များနှင့် စပ်လျဉ်း၍ ဘားအံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောစိုးနိုင်လင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

သစ်တောရေးရာ ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးဌာန(ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ပုံမှန်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များဖြစ်သော မြန်မာ့သစ်လုပ်ငန်း၏ သစ်နှင့် သစ်အခြေခံ ကုန်ချောပစ္စည်းများပြည်ပသို့ တင်ပို့ခြင်းဖြင့် သတ်မှတ်ထားသော ပြည်ပဝင်ငွေရရှိရေး၊ တရားမဝင်သစ်များ တားဆီးပိတ်ပင်ရေး၊ ရေဝေရေလဲ သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင် ထိန်းသိမ်းရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ စိုက်ခင်းများစိုက်ပျိုးတည်ထောင် ထိန်းသိမ်းရေး၊ ကျွန်းအထူးစိုက်ခင်းများ စိုက်ပျိုး တည်ထောင်ထိန်းသိမ်းရေး စသည့် လုပ်ငန်းတာဝန်များကို လည်းကောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအလိုက် ညွှန်ကြားရေးမှူးများ၊ ဒုတိယအထွေထွေ မန်နေဂျာများက သစ်တောလုပ်ငန်းများ ဆောင်ရွက်မှု၊ သစ်တောအခွန် ကောက်ခံရရှိမှု၊ တရားမဝင်သစ်များ ပပျောက်ရေးဆောင်ရွက်ထားရှိမှု စသည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးမှာကြားပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။ (သတင်းစဉ်)

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မဟာအောင်မြေနှင့် ပြည်ကြီးတံခွန်၌ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းဆွေ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန အထွေထွေမန်နေဂျာ ဦးထွန်းမြင့်ဦး၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲက မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သန်လျက်မော်အနောက်ရပ်ရှိ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန စက်သုံးဆီ ဆီတင်၊ ဆီချဌာနသို့သွားရောက်၍ စက်သုံးဆီတင်ရေယာဉ်မှ ပင်မဌာနဆီသိုလှောင်ကန်သို့ စက်သုံးဆီများ စုပ်ယူတင်ပို့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား စက်သုံးဆီများ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ အချိန်မီပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး၊ မသမာမှုများမဖြစ်ပေါ်စေရေး စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သန်လျက်မော် အနောက်ရှိ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန ပင်မဌာန ဆီသိုလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ပင်မဌာနရှိ ဆီသိုလှောင်ကန်ပေါ်သို့ တက်ရောက်၍ စက်သုံးဆီများ သိုလှောင်ထားရှိမှု အခြေအနေနှင့် စာရင်းဇယားများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မီးဘေးအန္တရာယ် အထူးဂရုပြုဆောင်ရွက်ရေး၊ စာရင်းဇယားများ စနစ်တကျ ထိန်းသိမ်းထားရှိရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၆၃၃)သို့ ရောက်ရှိပြီး စက်သုံးဆီ သိုလှောင်ထားရှိမှု၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို စက်သုံးဆီများ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်သုံးဆီ ထုတ်ယူသူများ အဆင်ပြေချောမွေ့စေရေး၊ သတ်မှတ်နှုန်းထားများ အပြည့်အဝရရှိရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုပြုဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပင်မဓာတ်အားခွဲရုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိ၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့်အတူ ဓာတ်အားထိန်းချုပ်ခန်းအတွင်း၌ ဓာတ်အားဝင်ရောက်မှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု၊ ဓာတ်အားခွဲရုံ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး၊ အလေအလွင့်နည်းပါးရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စဉ့်ကိုင်မြို့နယ်၊ ချမ်းသာကုန်းလမ်းဆုံရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ ရောက်ရှိပြီး Compresserစက်သစ်များ ရောက်ရှိလာမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စက်ချို့ယွင်းနေသော Compresser စက်များ အမြန်ပြန်လည်ပြုပြင်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

အထက(၃) ကြည့်မြင်တိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းတိုင်း မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာမဒေါ်ခင်လေးမာ ဖုန်း ၇၀၇၃၄၇၊ ဆရာမ ဒေါ်စန်းဝင်းနှင့် ဆရာမဒေါ်ဌေးရီ(ကျောင်းသူဟောင်း)၊ ကျောင်းဖုန်း-၂၂၀၃၈၀၊ ဦးသိန်းဝင်း ဖုန်း ၅၃၈၆၉၈၊ ဦးအောင်ကျော်ဦး ဖုန်း- ၀၉၅၀၁၄၂၆၄၊ ဦးမြင့်သန်း ဖုန်း- ၀၉၈၀၂၄၄၆၉၊ ဦးစိုးဝင်း (ဆန်နီ) ဖုန်း ၀၉၉၉၂၄၆၇၁၊ ဦးချာလီမောင် ဖုန်း- ၀၉၅၀၁၅၃၁၃၊ ဦးကြည်ကိုနှင့် ဦးခင်မောင်လှ ဖုန်း ၀၉၈၀၂၃၅၇၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ရန်ကုန်တိုင်း ဒလမြို့နယ် မီးသတ်စခန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများအား အငြိမ့်ဖြင့် ဖျော်ဖြေ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများအား ယနေ့ည ၆ နာရီခွဲတွင် အဆိုပါ သင်တန်းသား၊ သင်တန်းသူများ တည်းခိုရာ ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေပွဲသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒေါက်တာသန်းညွှန့်နှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ လုပ်ငန်းအဖွဲ့ခွဲရှိ အဖွဲ့ငယ်များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

အလံပေးအပ်

ထို့နောက် လေ့လာရေးခရီးစဉ်မှ သင်တန်းသူများဖြစ်ကြသည့် ရခိုင်တိုင်းရင်းသူ မချမ်းမြန္ဒာနှင့် ပအိုဝ်းတိုင်းရင်းသူ မနန်းစုစုလတ်တို့က ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့အား အမှတ်တရအလံပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လေ့လာရေးခရီးစဉ်မှ သင်တန်းသား၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် ၂၅၄၀၀၀ နှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(သတင်းစဉ်)

ကြည့်ရှု



စတုတ္ထအကြိမ် မြန်မာ အိုင်စီတီရက် သတ္တပတ် ၂၀၀၅ကို လှိုင်မြို့နယ်ရှိ MICT Park ၌ ပြုလုပ်ရာ ဇန်နဝါရီ ၂၅ ရက်က S.K.S Standard Business and Training Centre ပြခန်းတွင် ပြပွဲလာ ပရိသတ်များ ကြည့်ရှုစဉ်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မြို့နယ်မီးသတ်စခန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တွံတေးမြို့နယ် မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဌာနသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့ရှိ မြို့နယ်မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေမွေ့ဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၅ ၉။ ရှမ်းပြည်နယ်တောင်ပိုင်းလင်းခေးတံတား
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၃၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၅:၄၀ ၉။ (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၅:၅၀ ၁၀။ မြန်မာစာမြန်မာစကား
- ၆:၀၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၆:၁၀ ၁၂။ Discovery.
- ၆:၁၅ ၁၃။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၂၀ ၁၄။ ညနေခင်းသတင်း
- ၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း-၂)**
- ၇:၃၅ ၁၇။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်) (တစ်နေ့တာ)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "မမေ့နိုင်တာချစ်လို့" (အပိုင်း-၂) (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဟိန်းစိုး)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန် အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်း

✡ စာမျက်နှာ ၇ မှ

ကိုယ်စား ကြိုဆိုထောက်ခံ တင်ပြလိုပါကြောင်း။

ပြည်သူလူထုအပေါင်း သိကြသည့်အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်သည် နိုင်ငံတော်၏ အခြေခံဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားညီလာခံကြီး ကျင်းပရေးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့်နှစ် မေလတွင် စတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးရေးကာလ၌ လုပ်ငန်းများဆောင်ရွက်နိုင်အောင်ခေတ္တရပ်နားခဲ့ပြီး ယခုပွင့်လင်းရာသီဖြစ်သည့် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာက ကြေညာခဲ့ကြောင်း။

အရေးအကြီးဆုံး

မူဝါဒလမ်းစဉ်(၇)ရပ်တွင် အမျိုးသားညီလာခံကျင်းပရေးသည် ပထမဆုံးလမ်းစဉ်ဖြစ်သကဲ့သို့ အရေးအကြီးဆုံးလမ်းစဉ်လည်းဖြစ်ကြောင်း။

ဤညီလာခံကြီးသည် နိုင်ငံတော်တည်ဆောက်မည့် အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပေးသည့် ညီလာခံကြီးဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ အခြေခံဥပဒေသည် အရေးအကြီးဆုံးဖြစ်ကြောင်း။

ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးအပါအဝင် နိုင်ငံသားအားလုံး ကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

အခြေခံတည်ဆောက်ပေးနေ

လူထုကြီးအနေဖြင့် မိမိတို့ဒေသအတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်ရင်းပုဂံ-ရန်ကုန်မီးရထားလမ်း၊ ပုဂံ-မန္တလေးမီးရထားလမ်း၊ ညောင်ဦး-မြင်းခြံမော်တော်ကားလမ်း၊ ညောင်ဦး - ချောက်မော်တော်ကားကျောက်ချောလမ်း၊ လောကနန္ဒာမြစ်ရေတင်စီမံကိန်းကဲ့သို့သော မြစ်ရေတင် စီမံကိန်းလေးခု၊ ငါ့သရောက်ရေလှောင်တမံစီမံကိန်း၊ ယွန်းပညာသိပ္ပံမှ ယွန်းပညာကောလိပ်အဆင့်အထိ တိုးမြှင့်ပေးခဲ့ခြင်း၊ မြို့နယ်ဆေးရုံအဆင့်မှ ခုတင် ၁၀၀ ဆေးရုံအဖြစ် တိုးမြှင့်ပေးခြင်း၊ ပုဂံလေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအဆင့်အထိ တိုးမြှင့်ဆောက်လုပ်ခြင်း စသည့် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ရင်းနှီးမြှုပ်နှံခြင်း၊အခြေခံတည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းမှုရှိလာကြောင်း၊ နယ်စပ်ဒေသများ၏ လုံခြုံရေးသည်လည်း ကောင်းမွန်လာကြောင်း၊ ကဏ္ဍအသီးသီး၊ ဒေသအသီးသီးသည် အလျင်အမြန်ဖွံ့ဖြိုးလာနေကြောင်း၊ နိုင်ငံသားတိုင်းရင်းသားအားလုံး တည်ဆောက်ရေးတွင် ပါဝင်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ဖွံ့ဖြိုးလာနေကြောင်း၊ အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာနေကြောင်း။

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မင်း ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ယခုမိမိတင်ပြခဲ့သည့် ရလဒ်များသည် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအတွက် အရင်းအနှီးများဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီဖြစ်သည့်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာမည့် ရောင်ခြည်များသန်းနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့်မူဝါဒလမ်းစဉ်(၇)ရပ်လုံး အောင်မြင်လာမှာဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားအဖြစ် ပေါ်ထွန်းသည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်ကိစ္စမဆိုအောင်မြင်မည်ဟု ယုံကြည်ကြောင်း။

မိမိတို့သတိပြုရမည်မှာ အဖျက်အမှောင့် အန္တရာယ်ပဲဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ ညီညွတ်ရေးစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်ကို ယိုယွင်းပျက်ပြားအောင် လုပ်ဆောင်မှုများကို သတိရှိပြီး တွန်းလှန်ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်အောင်၊ပြည်ထောင်စုကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ဟုတိုက်တွန်းကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ညောင်ဦးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွှန့်ဝင်းက တင်ပြရာတွင် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ၌ ကျေးလက်နေပြည်သူ ၆၅ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ဤအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှေးယခင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို စိတ်ကူးသာရှိခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

မိမိတို့ ညောင်ဦးခရိုင်အတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် တောပြားကျေးရွာနှင့် ငါ့သရောက်ဆက်သောလမ်း၊ ကုန်းတန်းကြီးကျေးရွာနှင့် ညောင်ဦး-ကျောက်ပန်းတောင်း ဆက်သွယ်သည့်လမ်း၊ တောင်ဘကျေးရွာနှင့် ညောင်ဦး-ကျောက်ပန်းတောင်း ဆက်သွယ်သည့်လမ်းများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

ဇီဝဓာတ်ငွေ့စက်ရုံ

အထက်ညဉ့်ကျေးရွာ၌ ဇီဝဓာတ်ငွေ့စက်ရုံတည်ဆောက်နိုင်ရန် ယခုကျင်းပနေသည့် လူထုအစည်းအဝေးကြီး၌ ငွေကျပ် ၁၀သိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်မှာဖြစ်ကြောင်း၊ ဤသည်မှာ မိမိတို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် လက်တွေ့အကောင်အထည်ဖော် အားစိုက်ဆောင်ရွက်ခဲ့မှုများဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသပြည်သူများ လူနေမှုဘဝမြင့်မားစေရေး မြို့ပြနှင့် ကျေးလက်ကွာဟမှုနည်းပါးစေရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်နှင့်အညီ မိမိတို့ ညောင်ဦးခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက် အောင်မြင်လာအောင် နိုင်ငံတော်အစိုးရနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟုတိုက်တွန်းကြောင်းဖြင့်တင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် ကျေးလက်ဒေသ

လက်ခံရယူ

ဆက်လက်၍ ယဉ်းစမ်းကျေးရွာမူလတန်းကျောင်းပြုပြင်ရန်နှင့် အထက်ညဉ့်ကျေးရွာ ဇီဝဓာတ်ငွေ့ လျှပ်စစ်မီးလင်းရေး ရန်ပုံငွေကျပ် ၁၅သိန်းကို ညောင်ဦးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွှန့်ဝင်းက ပေးအပ်ရာ ညောင်ဦး မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဝင်းမောင်က လက်ခံရယူသည်။

ထောက်ခံတင်ပြ

ထို့နောက် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ် သုံးဦး၏ တင်ပြချက်နှင့် စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မင်းက ထောက်ခံတင်ပြရာ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်စွာ ဆုံးဖြတ်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်ကို နေ့ထူးနေ့မြတ်အဖြစ် ဂုဏ်ပြုပြီး ဦးအောင်မွန်ဟန်က တင်ပြခဲ့ကြောင်း။

ဤပြည်ထောင်စုနေ့ကို ဖော်ဆောင်ခဲ့သည့် သမိုင်းဝင်စည်းလုံးညီညွတ်မှုစွမ်းပကားကြောင့် မိမိတို့ လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝကလည်း

တစ်ရပ်လုံးအပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ လွှမ်းခြုံပြီး ၂၀၀၃ ခုနှစ်က ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ လူထုအစည်းအဝေးကြီးကျင်းပပြီး မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး ကြေညာချက်ကို တစ်ခဲနက်ထောက်ခံပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ဒေါ်ထားထားဝင်း တင်ပြခဲ့သည့် ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံပါကြောင်း အလေးအနက် တင်ပြအပ်ပါကြောင်း။

ဝမ်းသာပီတိ

တစ်ဆက်တည်းမှာပင် ဦးညွှန့်ဝင်း တင်ပြခဲ့သည့် မိမိတို့နယ်မြေအတွက် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးမှုရလဒ်များအဖြစ် ကျောင်းများ၊ ရေတွင်းများ၊ တံတားများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာဒေသမီးလင်းရေးပါမကျန် လက်တွေ့မျက်တွေ့ ပေးအပ်ဆောင်ရွက်ခဲ့မှုများကို တွေ့ရသည့်အတွက် အလွန်ပင်အားရကျေနပ် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

ထို့ကြောင့် ကိုယ်စားလှယ်သုံးဦး တင်ပြသွားသည့် ပြည်ထောင်စုနေ့ကို

ရှေးယခင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို စိတ်ကူးသာရှိ ယနေ့ အချိန်အခါတွင် လက်တွေ့အကောင်အထည်ဖော်

ရေကောင်းရေသန့်ရရှိရေး

ဆက်လက်ပြီး ကျေးလက်နေပြည်သူများ ရေကောင်း/ရေသန့်ရရှိရေးကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကဲ့သို့ ဦးတည်ဆောင်ရွက်ရာတွင် မီးလောင်ဖျားကျေးရွာ၊ ဆင်သားမွှေးကျေးရွာ၊ အောက်ညဉ့်ကျေးရွာ၊ ဘုရားလေးကုန်းကျေးရွာ၊ တောပြားကျေးရွာတို့၌ ကျပ်ငွေ ၂၂ဒသမ၆သိန်းအကုန်အကျခံပြီး စက်ရေတွင်းများ တူးဖော်ပေးခဲ့ကြောင်း။

ဆက်လက်ပြီး ကျေးလက်ဒေသ ပညာရေးမြှင့်တင်မှုလုပ်ငန်းနှင့် ပတ်သက်၍ ပြာပုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျွန်းဘိုကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ကို ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ငွေကျပ် ခြောက်သိန်းအကုန်အကျခံပြုပြင်ပေးခဲ့ကြောင်း။

ယခု ယဉ်စမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြင်ဆင်စရိတ်ကျပ် ငါးသိန်းကိုလည်း ယနေ့ကျင်းပနေသည့် လူထုအစည်းအဝေးကြီးမှာပင် တစ်ပါတည်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်သွားမှာဖြစ်ကြောင်း တင်ပြလိုကြောင်း။

ကျေးလက်ဒေသ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းအဖြစ် မိမိတို့ မန္တလေးတိုင်းအတွင်း ကျေးလက်ဒေသမီးလင်းရေးအတွက် ဇီဝဓာတ်ငွေ့စက်ရုံများ တည်ဆောက်ပြီး ဆောင်ရွက်နေသည်မှာ ၃၁ရွာ ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ ညောင်ဦးခရိုင် တောင်ဘကျေးရွာနှင့် ဆည်ကျေးရွာတို့၌ကျပ်သိန်း၂၀ အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည့်အတွက်ယနေ့မီးလင်းနေကြပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပြင်ဆောင်ရွက်ခဲ့သော ကျွန်းဘိုကန်ကျေးရွာနှင့် ပြာပုံကျေးရွာမူလတန်းကျောင်းမှတ်တမ်းများကို မန္တလေးတိုင်း ညောင်ဦးခရိုင် ပြည်ထောင်စု ကြံ့ခိုင်

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထားထားဝင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွှန့်ဝင်းက ညောင်ဦးမြို့နယ် ပညာရေးမှူး ဦးတင်ချိုထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်ခဲ့သော မီးလောင်ပြား၊ သူကောင်းတည်၊ ဘုရားလေးကုန်း၊ ဆင်သားမွှေးကျေးရွာများစက်ရေတွင်း (တွင်းတိမ်) မှတ်တမ်းများကို ဆက်လက် ပေးအပ်ရာ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက လက်ခံရယူသည်။

လွတ်မြောက်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာလည်းရခဲ့ကြောင်း၊ လွတ်လပ်သော နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့် ရလာသည်ကို အားလုံးအသိဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူး ဝိသေသများနှင့်ပြည့်စုံသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းသည် မိမိတို့ လူထုအစည်းအဝေးကြီးအတွက် အလွန်တန်ဖိုးထား ဂုဏ်ပြုထိုက်ပါကြောင်းဦးစွာထောက်ခံတင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ဒေါ်ထားထားဝင်း တင်ပြသည့် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပေးမည့် ညီလာခံကြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ အခြေခံ ဥပဒေသည် အရေးကြီးကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော်အခြေခံဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ကျင်းပသည့် အမျိုးသားညီလာခံကြီး ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဤအမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး

ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

အတည်ပြု

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကို ရယူရာ ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက် ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်း၊ ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကြိုဆိုထောက်ခံကြောင်း ဤပြည်သူလူထုအစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက "ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး"၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး" ဖြင့် တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနား နံနက် ၈နာရီ မိနစ် ၄၀တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ နောက်ဆုံးနေ့အဖြစ်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅) အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅) ကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရောင်းချရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ ဈေးပြိုင်ခန်းမ၌ ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည်များနှင့် ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည်များက ကျောက်မျက်နှင့် ကျောက်စိမ်းများအား ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုများကို ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၅ခုနှစ်နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (အဆင့်မြင့်ပညာအဆင့်) ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ) ခန်းမ၌ ကျင်းပရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ကော်မတီဝင်များ၊ ပညာရေး ဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ ဒေါက်တာကျော်ဝင်း ခေါင်းဆောင်သော အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်နှင့် လေ့လာသူ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူ ၁၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမဆုကို တပ်မတော် ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းချမ်းငြိမ်းသူ၊ ဒုတိယဆုကို ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မသန်းသန်းနိုင်၊ တတိယဆုကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မချောမြမြစိုးအောင်တို့က အသီးသီး ရရှိကြသည်။

ယနေ့ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ၂၀၀၅ခုနှစ် မတ် ၂၇ရက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော်စစ်သမိုင်းပြတိုက်ရှိ ပြခန်းများ ပြင်ဆင်မွမ်းမံလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၅ခုနှစ်နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ပြပွဲခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများ အချိန်နှင့်တစ်ပြေးညီပြင်ဆင်ပြီးစီးရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့စဉ် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

တပ်မတော် စစ်သမိုင်းပြတိုက်ရှိ ပညာရေးဝန်ကြီးဌာနပြခန်း၊ အလုပ်သမားဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာနပြခန်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ပြခန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ပြခန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးပြခန်းနှင့် တပ်မတော်(ရေ)ပြခန်းများကို ယနေ့နံနက်ပိုင်းတွင် ပြင်ဆင်မွမ်းမံလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၃၀-၁-၂၀၀၅ရက်နေ့

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့နှင့်

(၂၇-၂-၂၀၀၅)ရက်နေ့

မြန်မာနိုင်ငံကြက်ခြေနီအသင်း

အဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံ

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)

တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲ အောင်မြင်တော်မူကြသော သံဃာတော်များစာရင်းကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၇

(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန်အောင်မြင်တော်မူကြသော သံဃာတော်များစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၇

သုံးဆယ်မြို့ ဦးသန်းထွန်း-ဒေါ်စန်းမြင့် သားသမီးမြေးတစ်စုတို့၏ တတိယအကြိမ် ဓမ္မပူဇာသဘင်ပွဲကြီးကို မဟာထူပါရုံစာသင်တိုက် ရတနာဝင်းဓမ္မာရုံ၌ ကျင်းပရာ ဇန်နဝါရီ ၂၂ ရက်တွင် သီတဂူကြာတစ်ပွင့် ပိဋကတ် တစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသီရိလင်္ကာရ၊ ဇန်နဝါရီ ၂၃ရက်တွင် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)တို့က ဟောကြားတော်မူပြီး ဇန်နဝါရီ ၂၉ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မဟာပဋ္ဌာနပ္ပတ္တိဌာန ကထိက)၊ ဇန်နဝါရီ ၃၀ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ M.A(Buddhism) သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီတွင် ဟောကြားမည်ဖြစ်သည်။

(က-ပ)

ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၅၇၆ဦးတို့ တက်ရောက်ကြသည်။

ဖွင့်ဖောက်စစ်ဆေး

ရှေးဦးစွာ ဇန်နဝါရီ ၂၄ရက်မှ ၂၆ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းများအနက် ရတနာကုန်သည်များက (Bargain) စနစ်ဖြင့် ဝယ်ယူရန် လေလံပုံးများတွင် ထည့်သွင်းထားသော (Bargain Form) များကို ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က စစ်ဆေးကြသည်။

ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ကျောက်မျက်နှင့် ကျောက်စိမ်း လေလံဆွဲရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဖတ်ကြားတင်ပြသည်။

မောင်းတီးဖွင့်လှစ်

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် (Bargain) စနစ်ဖြင့် ဝယ်ယူရရှိသည့် ကျောက်မျက်နှင့် ကျောက်စိမ်း ရတနာကုန်သည်များ၏ အမည်စာရင်းများကို ကြေညာပြီး ကျောက်မျက်များကို (Auction) စနစ်ဖြင့် ရောင်းချရာ ညနေ ၅နာရီ မိနစ် ၂၀တွင် အောင်မြင်စွာပြီးဆုံးသွားသည်။

ပြိုင်ဆိုင်ဝယ်ယူ

(၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် ကျောက်မျက်အတွဲပေါင်း ၂၄၆ တွဲ၊ ကျောက်စိမ်းအတွဲပေါင်း ၁၉၉ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

(၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲတွင် အမြင့်ဆုံးဈေးနှုန်းပေးဝယ်ကြသည့် ရတနာကုန်သည်များအား မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန် ဂီတသံ
၄:၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Aesthetic, The Nature of Aesthetic. -(တတိယနှစ်-ဒဿနိကအထူးပြု)
၅:၃၀	၉။	ပညာခေတ်
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	**ကာတွန်းဇာတ်လမ်း "ထူးခြားသောကလေးငယ်" (အပိုင်း-၁၈)**
၆:၅၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၅)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	မြန်မာ့ရှုခင်း
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီးဘုန်းမီးနေလ" (အပိုင်း-၁၅)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြို့လှ (တပ်ကုန်း) ရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့လှ(တပ်ကုန်း)ရေလှောင်တမံတည်ဆောက်မှု ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးနှင့် အရည်အသွေးပြည့်မီရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၇နာရီခွဲတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရမည်းသင်းခရိုင် တပ်ကုန်းမြို့သို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်(၂၈၅/၄)မှ ရှစ်မိုင်အကွာ အင်းခုံရွာအနီးရှိ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြို့လှ(တပ်ကုန်း)ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူးဦးလွမ်းမိုးက မြို့လှ(တပ်ကုန်း)ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဘူမိဗေဒတိုင်းတာခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့် အကြိုတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ တောရှင်းခြင်း၊ မြေယူရန် နေရာအောက်ခြေတူးဖော်ခြင်း၊ တမံ အောက်ခြေရှင်းလင်းခြင်း၊ တမံသပ်ကျင်း တူးဖော်ခြင်း၊ Sheet Pile ရိုက်သွင်းခြင်း၊ တမံမြေဖို့ခြင်း၊ တမံအထက်ပိုင်းနှင့် တမံအောက်ပိုင်းအလျောကာကွယ် ခြင်း လုပ်ငန်းများစသည့် တမံတည်ဆောက်ခြင်းလုပ်ငန်းများ အခြေအနေကို လည်းကောင်း၊ ဆည်မြောင်း ဦးစီးဌာန(ရုံးချုပ်) ဒီဇိုင်းပုံထုတ်ဌာနခွဲမှ ညွှန်ကြားရေးမှူးဦးအုန်းခိုင်က ရေပိုလွှဲနေရာ၊ စိုက်ခင်းများ ရေပေးဝေမည့် ရေထုတ်ပြွန်နေရာ၊ ကျီးနီကန်သို့ ရေပို့လွှတ်မည့် ရေသွယ်မြောင်း ဒီဇိုင်းအချက်အလက်များ ရေးဆွဲဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို လည်းကောင်း ရှင်းလင်း တင်ပြကြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက် မှာကြားပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အလေအလွင့်အဆုံးအရှုံး နည်းနိုင်သမျှနည်းစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရေး၊ သတ်မှတ်အရည်အသွေး ပြည့်မီရေးတို့ကို မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံများအား တွေ့ဆုံ၍ နိုင်ငံတော်မှ ကျေးလက်ဒေသနေ ပြည်သူများအတွက် စေတနာရှေ့ထား လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများအပေါ် ကျေးလက်ဒေသနေ ပြည်သူများအပိုင်းက တည်ဆောက်ရေးကာလအတွင်း ဝိုင်းဝန်းကူညီ ထိန်းသိမ်း စောင့်ရှောက်သွားကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့လှ(တပ်ကုန်း) ရေလှောင်တမံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အကောင်အထည်ဖော်

အဆိုပါ မြို့လှ(တပ်ကုန်း) ရေလှောင်တမံ စီမံကိန်းသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် အင်းခုံရွာအနီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်စေရေးအတွက် ရေရရှိနိုင်ရန် မြို့လှချောင်းပေါ်၌တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆည်တစ်ခုဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအမြင့်ပေ ၈၀၊ တမံအလျားပေ ၂၁၀၀ နှင့် ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၂၀ ဖြစ်သည်။

ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် (Broad-Crest)၊ ရေပိုလွှဲအကျယ်ပေ ၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၃၁၀၀နှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၄၆၅ ဧက ဖြစ်သည်။

ရေပေးဝေ

မြို့လှ (တပ်ကုန်း)ရေလှောင်တမံ စီမံကိန်းကို တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေရေလွှဲဆည်မှ ရေကိုရမည်းသင်းမြို့နယ် ကျီးနီကန်သို့ ပထမအဆင့် ရေသွယ်ယူရေးတွင် ထပ်မံဖြည့်စွက် ရေရရှိနိုင်ရေးအတွက် တည်ဆောက်နေခြင်းဖြစ်ပြီး တမံအောက်ပိုင်းရှိ လယ်မြေဧက ၄၀၀ကိုလည်း ရေပေးဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် တပ်ကုန်းမြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

တစ်ခါကရွာဝတီညများဇာတ်ကားသစ် ရုံသုံးရုံတစ်ပြိုင်တည်းပြသ

ရန်ကုန် ဇန်နဝါရီ ၂၇

ယခုသောကြာပတ်တွင် ဇနိရုပ်ရှင်မှ စာရေးဆရာမ ဂျူး၏ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမီးပွားရိုက်ကူး၍ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ညွန့်ဝင်းနှင့် မင်းဟိဏ်းတို့ သရုပ်ဆောင်ကြသည့် **တစ်ခါက ရွာဝတီ ညများ**ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများ၌ တစ်ပြိုင်တည်း ပြသနေသည်။

ယခုအပတ် ရုံတင်ပြသလာသည့် "တစ်ခါက ရွာဝတီညများ" ဇာတ်ကားသစ်မှ ပြကွက်တစ်ခု။

ဂျပန်ခေတ်ကာလ ရေနံချောင်း ရေနံမြေလုပ်သားတို့၏ ဘဝနှင့် ဖက်ဆစ်တော်လှန်ရေး ကာလကို နောက်ခံထား တင်ပြထားသော ဇာတ်ကားဖြစ်၍ နယ်ချဲ့ဆန့်ကျင်ရေး တော်လှန်ရေးသမား အိမ်စိုးမေ၊ မြေအောက်လုပ်ငန်းများ ဆောင်ရွက်နေစဉ် လေ့သမားလူငယ်ဟသ်ာနှင့် ဆုံတွေ့ရပုံ၊ ဂျပန်ခေတ်ကာလတွင် သူတို့နှစ်ယောက် လက်ထပ်ပြီး သားသမီးနှစ်ဦးရရှိပြီးနောက် ဘဝလောကခံလှိုင်းများအကြား ရင်ဆိုင်ရုန်းကန်ရပုံများကို သဘာဝရိုက်ချက်များဖြင့် လက်စွမ်းပြထားသော ဇာတ်ကားဖြစ်သည်။

ထားဝယ်ရုပ်ရှင် "အချစ်ရဲ့ နယ်စပ် အမုန်းရဲ့ မြို့ရိုး" ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်။

ဆက်လက်၍ ထားဝယ်ရုပ်ရှင်မှ ကျော်ရဲအောင်၊ ဒွေး၊ အိန္ဒြာကျော်ဇင်၊ နဝရတ်တို့ သရုပ်ဆောင်သည့် **အချစ်ရဲ့ နယ်စပ် အမုန်းရဲ့မြို့ရိုး** မေတ္တာဘွဲ့ ဇာတ်ကား ရွှေဆောင်နှင့် နဝဒေးရုံတွင် တင်ဆက်ပြသဆဲရှိသည်။

နယူးထိပ်တန်းရုပ်ရှင်မှ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူး၍ ရာဇာနေဝင်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦးတို့ ပါဝင်သော လက်တွဲဖော်ဇာတ်ကား မြို့မရုံတွင် တစ်ကျော့ပြန်အောင်ပွဲခံပြသနေသည်။

"လက်တွဲဖော်"ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ထက်ထက်မိုးဦး။

ရွှေဂုန်ရုံတွင် Dillagi အမည်ရှိ အိန္ဒိယအချစ်နှင့် အက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။ နှလုံးသားဒဏ်ရာကိုမေတ္တာဖြင့် ကုစားကြပုံကို ဆန်နီဒေါ၊ ဘော်ဘီဒေါနှင့် အူမီလာတို့က မြူးမြူးကြွကြွ သရုပ်ဖော် တင်ဆက်ထားသည်။

ဘုရင်ရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ် ဖြစ်သော Rishtey အမည်ရှိ ဇာတ်ကား ရုံတင်ပြသလျက်ရှိသည်။ အပျော်တမ်းလက်ဝှေ့သမားတစ်ဦးနှင့် သူဌေးသမီးတစ်ဦးတို့၏ ဘဝဇာတ်လမ်းကိုရိုက်ကူးပြသထားသည်။

ဆုထူးပန်ရုံ၌ KahonaaPyaarhai အမည်ရှိ အိန္ဒိယအချစ်ဇာတ်မြူး တင်ဆက်ပြသသည်။ ရီသစ်ရော်ရှန်နှင့် အမီရှာပတေးတို့၏ အလှအပများကို ရှုစားကြရမည်။ **(ကြေးမုံ)**

မကြာမီရုံတင်မည့် ဒါရိုက်တာမောင်မျိုးမင်းရိုက်ကူးသည့် "ငိုအားထက်ရယ်အားသန်"ဟာသဇာတ်မြူးမှ လွင်မိုးနှင့်အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ဟန်။

ဗိုက်ပူမဇာတ်ကား ကျောင်းရန်ပုံငွေလှူ

ရန်ကုန် ဇန်နဝါရီ ၂၇

ဒါရိုက်တာ အာရုံသစ်ရိုက်ကူး၍ ကျော်ဟိန်း၊ ရန်အောင်၊ မေကဗျာ၊ မေသန်းနု၊ ဇော်ခင်တို့ သရုပ်ဆောင်ပါဝင်သော ဗိုက်ပူမအဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေဗဟိုရုံတွင် ပြသနေသည်။ တစ်ရက်စာဝင်ငွေများကို ငွေသိုက် ဗီဒီယိုနှင့် ရွှေဗဟိုရုံပိုင်ရှင်တို့က အထက(၂) တာမွေ ကျောင်းရန်ပုံငွေအဖြစ် လှူဒါန်းမည်ဟု သိရသည်။ **(ကြေးမုံ)**

မြေငလျင်နှင့်ဆူနာမီရေလှိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ၌ မြေငလျင်နှင့်ဆူနာမီရေလှိုင်းကြောင့် ဒေသအချို့တွင် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဒုတိယ ဌာနေကိုယ်စားလှယ် Ms. Akiko Suzaki၊ ကုလသမဂ္ဂ စားနပ်ရိက္ခာဖွံ့ဖြိုးမှု အစီအစဉ်ဌာနေကိုယ်စားလှယ် Mr. Bhim Udas နှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင်ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long နှင့် World Vision International အဖွဲ့မှ ကိုယ်စားလှယ် Mr. Roger Walker တို့က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကြပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်ဒေါ်လာ ၇၈၉၇၉၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၉၄၉၆၃၊ ကုလသမဂ္ဂစားနပ်ရိက္ခာဖွံ့ဖြိုးမှု အစီအစဉ်မှ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀၊ Humanitarian Service International အဖွဲ့မှ အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ World Vision International အဖွဲ့မှ အမေရိကန်ဒေါ်လာ ၅၀၅၀၀၀ နှင့် Support Fund Myanmar အဖွဲ့မှ ဆေးပစ္စည်းများ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၅၈၉၄၂ တန်ဖိုးရှိ ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအထောက်အပံ့များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ထံ ပေးအပ်လှူဒါန်းရာ ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား မြန်မာနိုင်ငံတွင် မြေငလျင်နှင့်ဆူနာမီရေလှိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု ခံစားရသောဒေသများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှလှူဒါန်းသော ဆေးပစ္စည်းနှင့်ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရယူစဉ်။
(ကျန်းမာရေး)

နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားရေးနှင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၂၅ရက်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။
(အပေါ်ပုံ)

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများ၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းမည့် တိုင်းရင်းသားလူငယ်များမွေးထုတ်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးရေး၊ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၏ အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာတုန်းတာကုန်စည်ပြပွဲ–၂၀၀၅ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ပမှ သွင်းကုန်အမျိုးမျိုးနှင့် ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို ပြည်သူများသိရှိစေရန် ရည်ရွယ်လျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် Tong Tah Co., Ltd. က စီစဉ်ကျင်းပသော မြန်မာတုန်းတာကုန်စည်ပြပွဲ–၂၀၀၅ (Myanmar Tong Tah Trade Fair, 2005) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေး၊ Tong Tah Co., Ltd. ဥက္ကဋ္ဌ Mr. Peter Loh နှင့်မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြပွဲတွင် Tong Tah Co., Ltd. နှင့် ပြည်တွင်းပြည်ပကုမ္ပဏီ ၆၄ခုတို့က ပြခန်းပေါင်း ၁၀၀ကျော်ဖြင့် အထည်အလိပ်၊ အလှကုန်၊ လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းအမျိုးမျိုး၊ မီးစက်နှင့် အင်ဂျင်အမျိုးမျိုး၊အိမ်တွင်းအလှဆင် ပါကေးကြမ်းခင်းတုံးများ၊ အိမ်တွင်းအလှဆင်ဒီဇိုင်းနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ စာရေးကိရိယာ၊စက္ကူနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊မိတ္တူကူးစက်၊ Printer အပိုပစ္စည်းများကို ပြသထားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့်ရန်မျိုးအောင်စေတီတော် ဂေါပကအဖွဲ့မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တပညိန္ဒာဘိဝံသဆရာတော်ကြီး ဖူးမြော်ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က အနန္တ မေတ္တာတန်ဆောင်း၌ပြုလုပ်ရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဂုဏပူဇာအနုမောဒနာတရားနာယူကြစဉ်။(၅၀၆)

၂၀၀၅ခုနှစ် ဓမ္မာစရိယစာအောင်ပုဂ္ဂိုလ်များ မဟာဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်သတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၅ခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၂၅၂ပါး၊ ပထမပြန်စာမေးပွဲတွင် ပထမကျော်အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၂ပါး၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၂ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ဒုတိယ၊တတိယရရှိသူကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းမည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၆၆ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် ဖေဖော်ဝါရီ ၁၉ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါမဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များအား စာတိုက်မှပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်သော်လည်း ပင့်စာများကို အချိန်မီမရရှိပါက ကြွရောက်တော်မူကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း၃–လမ်းမှတ်တိုင်အနီး)တွင် အမှတ်(၂၅၈–အေ) (၁၂)လမ်း (၃)ရပ်ကွက် တောင်ဥက္ကလာပနေ မဝါနွယ်ခိုင်၊ မနေနွယ်ခိုင်တို့က ငွေကျပ်တစ်သိန်းကို ဦးမင်းလွင် (အထွေထွေအတွင်းရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

တောင်ဥက္ကလာပစေတီ (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဗုဒ္ဓပူဇာအဖြစ် နှစ်ကိုပ်ရှစ်ဆူမြတ်စွာဘုရားများ မြို့နယ်အတွင်း ဒေသစာရီအပူဇော်ခံလှည့်လည်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က စေတီတော်တောင်ဘက်မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(က–ဆ)

အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ် စံပြကျေးရွာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကြီးကို အလေးအနက် ဂုဏ်ပြု ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံ

ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ကျင်းပသော အခမ်းအနားသို့ ပြည်သူလူထုအင်တိုက်အားတိုက်တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီ ၄၅မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ညောင်ဦးခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ညောင်ဦးမြို့နယ်အတွင်းရှိ သန့်စင်ကြယ်ကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ဖျောက်ဆိပ်ပင်ကျေးရွာ၊ မင်းနန်သူကျေးရွာ၊ ဖွားစောကျေးရွာ၊ သူငွေးကန်ကျေးရွာတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့်အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများအင်အား ၃၅၅၀ အင်တိုက်အားတိုက် တက်ရောက်ကြသည်။

စနစ်တကျနေရာယူ

အခမ်းအနားမစတင်မီ နံနက် ၇ နာရီမှစတင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများသည် စုရပ်အသီးသီး၌ နေရာယူကြပြီး မြန်မာ့ရိုးရာအတီးအမှုတ်အကအခုန်များဖြင့် ရွှင်လန်းတက်ကြွစွာချီတက်၍ အခမ်းအနားကျင်းပမည့်ကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျနေရာယူကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၇ နာရီ ၄၅မိနစ်တွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်က ဆောင်ရွက်၍ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင် ဖန်တီးနေသည့် အဖျက်သမားများ၏အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန်ဖယ်ရှား။

ကြေးမုံ The Mirror

ခေါင်းကြီး ဆောင်းပါး အညွှန်း

* ***ရေအရင်းအမြစ်များ စနစ်တကျ ထိန်းသိမ်းသုံးစွဲ၊ သီးနှံအလိုက် တစ်ဧကအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုး။***

ခေါင်းကြီး (စာမျက်နှာ-၂)

* ***နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မကွေးတိုင်းအနောက်ဘက်ခြမ်းဒေသများ အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးအစီအမံများ ချမှတ်ပေးပြီး အခြေခံလိုအပ်ချက်များကို တစ်ခုပြီးတစ်ခု ပြန်လည်တည်ဆောက်အကောင်အထည်ဖော်စေခဲ့သည်။***

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ ဆောင်းပါး (စာမျက်နှာ-၆)